ကြေးမုံ
The Mirror

၁၃၇၂ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ ရက်၊ ကြာသပတေးနေ့၊ (2-9-2010) (၆၅၀၉)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်　　စက်တင်ဘာ　　၂

၂၀၁၀ ခုနှစ် စက်တင်ဘာ ၂ ရက်တွင်ကျရောက်သော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၆၅)နှစ်မြောက် အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ငုယင်မင်ကျစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး
ဗီယက်နမ် ဒုတိယသမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်　　စက်တင်ဘာ　　၂

၂၀၁၀ ခုနှစ် စက်တင်ဘာ ၂ ရက်တွင်ကျရောက်သော ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၆၅)နှစ်မြောက် အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံမှ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ မဒမ်ငုယင်သီဒိုးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

အမှာစကားပြောကြား

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင် ကော်မရှင်အတွင်းရေးမှူးများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်
ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်　စက်တင်ဘာ　၂

၂၀၁၀ ခုနှစ် စက်တင်ဘာ ၂ ရက်တွင် ကျရောက်သော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၆၅)နှစ်မြောက် အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန်ထံမှ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်နှင့် တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင် ကော်မရှင်အတွင်းရေးမှူးများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော်　　စက်တင်ဘာ　　၁

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင် ကော်မရှင်အတွင်းရေးမှူးများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များနှင့် တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင် ကော်မရှင်အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အောင်မြင်စွာကျင်းပနိုင်ရေး

ရှေးဦးစွာ ကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက အဖွင့်အမှာစကားပြောကြားရာတွင် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကြီးကို အမှားအယွင်းမရှိဘဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲလုပ်ငန်းဆိုင်ရာများ ညှိနှိုင်းရန် ခေါ်ယူခြင်းဖြစ်ကြောင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်း မှန်ကန်စေဖို့ လိုအပ်သကဲ့သို့ လွှတ်တော်ကိုယ်စားလှယ်လောင်းစာရင်းနှင့် မဲဆန္ဒနယ်များ မှားယွင်းမှု မရှိဖို့ အရေးကြီးကြောင်း၊ ဥပဒေနှင့်အညီ ဆောင်ရွက်ကြစေလိုကြောင်း၊ မဲရုံအနေအထားအခြေအနေ သင့်လျော်မှုရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးကြစေလိုကြောင်း၊ သတ်မှတ်ချိန်အတွင်း အဆင်ပြေလွယ်ကူစွာ ဆန္ဒမဲပေးနိုင်ရေးအတွက် လွှတ်တော်တစ်ရပ်တွင် လျှို့ဝှက်ဆန္ဒမဲပေးခန်းများ ငါးခန်းအထိ တိုးမြှင့်ထားသင့်ကြောင်း၊ ယင်းနှင့် ဆီလျော်မည့် မဲရုံအဖွဲ့ဝင်များ

စာမျက်နှာ ၃ ကော်လံ ၁ သို့

၂-၉-၂၀၁၀
(ကြာသပတေးနေ့)

အမျိုးသားရေး စည်းလုံးညီညွတ်မှုစွမ်းအား အခက်အခဲအမျိုးမျိုးကို အောင်မြင်ကျော်လွှား

မျက်မှောက်ကမ္ဘာတွင် ရာသီဥတု ပူနွေးပြောင်းလဲလာမှုနှင့်အတူ သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နေသည်။ နိုင်ငံအချို့၌ မီးတောင်ပေါက်ကွဲခြင်း၊ မြေလျှောလှုပ်ခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ တောမီးလောင်ခြင်း၊ မြေပြိုကျခြင်း စသည့် သဘာဝဘေးအန္တရာယ်များကို ကြုံတွေ့နေကြရဆဲဖြစ်သည်။

မြန်မာနိုင်ငံ ကမ်းရိုးတန်းဒေသများနှင့် မြစ်ဝကျွန်းပေါ်ဒေသတို့တွင် မုန်တိုင်းအန္တရာယ်များမကြာခဏကြုံတွေ့ကြရသည်။နှစ်ပေါင်း ၆၀အတွင်း ဆိုင်ကလုန်းမုန်တိုင်း ၃၅ကြိမ်ခန့် ဖြတ်သန်းတိုက်ခတ်ခဲ့သည်။ ၂၀၀၈ ခုနှစ် မေလဆန်းတွင် ကြီးမားပြင်းထန်သော နာဂစ်မုန်တိုင်း တိုက်ခတ်ခံရသည်။ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် မြို့နယ်ပေါင်း လေးဆယ်ကျော်၌ နေအိမ်ပေါင်းငါးသိန်းကျော် ပျက်စီးခဲ့ပြီး လူဦးရေ တစ်သိန်းကျော် သေဆုံးခဲ့ကြရသည်။

နိုင်ငံတော်က မုန်တိုင်းသင့်ဒေသများ၌ အရေးပေါ်ကယ်ဆယ်ရေးနှင့် ယာယီနေရာချထားရေး၊ ပြန်လည်ထူထောင်ရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် ရေရှည်သဘာဝဘေးဒဏ် ကာကွယ်ရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ပေးနိုင်ခဲ့သည်။ မုန်တိုင်းသင့်ပြည်သူများအတွက် သန့်ရှင်းသော သောက်သုံးရေ၊ စားနပ်ရိက္ခာနှင့် ဆေးဝါးပစ္စည်းများ အလျှင်အမြန် ထောက်ပံ့ပေးနိုင်ခဲ့သည်။ တပ်မတော်စစ်သည်များ၊ တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်၊ ရေယာဉ်နှင့် မော်တော်ယာဉ်များ၊ ပြည်တွင်းရေကြောင်းရေယာဉ်များ၊ မြန်မာ့လေကြောင်း၊ မြန်မာ့မီးရထား၊ ဌာနဆိုင်ရာနှင့် စေတနာရှင်ပြည်သူများက အင်တိုက်အားတိုက် ပါဝင်ကူညီခဲ့ကြသည်။

မုန်တိုင်းဒဏ်ခံခဲ့ရသည့်ဒေသများသည် အဓိကဆန်စပါး စိုက်ပျိုးထုတ်လုပ်ရာဒေသများဖြစ်ရာ မျိုးစပါး၊ လယ်ထွန်စက်၊ ဓာတ်မြေဩဇာနှင့် ကျွဲ၊ နွားများ အမြန်ဆုံးဖြည့်ဆည်းပေးခဲ့သည်။ ရေလုပ်ငန်းများ ပြန်လည်ထူထောင်နိုင်ရေး ငါးဖမ်းပိုက်နှင့် ငါးဖမ်းလှေများ စုဆောင်းဖြည့်တင်းပေးနိုင်ခဲ့သည်။ ဆားထုတ်လုပ်သည့် ရာသီအမီ ဆားလုပ်ငန်းများ ပြန်လည်ထူထောင်လုပ်ကိုင်နိုင်ရေး လုပ်ငန်းခွင်သုံးပစ္စည်းများ ရရှိရေး စီစဉ်ပေးနိုင်ခဲ့သည်။ ဒေသ၏ စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်လုပ်ကိုင်လာနိုင်ကြပေပြီ။

ထို့အပြင် အိုးမဲ့၊ အိမ်မဲ့ဖြစ်သွားကြရသည့် မုန်တိုင်းဒဏ်ခံ ပြည်သူများအတွက် ကျေးလက်အိမ်ရာ၊ မြို့ပြ အဆောက်အအုံများ၊ ပညာရေး၊ ကျန်းမာရေးအဆောက်အအုံများ၊ လမ်းများ ပြန်လည်ပြုပြင်တည်ဆောက်နိုင်ခဲ့ပြီ။ ရေရှည်သဘာဝဘေး ကာကွယ်ရေးနှင့် ကုန်ထုတ်လမ်းမကြီးများ အဖြစ်အသုံးပြုနိုင်သည့် လမ်းမကြီး ၁၁လမ်း ပါဝင်သော လမ်းကွန်ရက်စီမံကိန်းကိုလည်း အကောင်အထည်ဖော်လျက်ရှိသည်။ သာမန်အချိန်တွင် စာသင်ကျောင်း၊ ဆေးရုံများအဖြစ် အသုံးပြုနိုင်ပြီး အရေးပေါ်အချိန်များတွင် ခိုလှုံအသုံးပြုနိုင်မည့် Dual Used Cyclone Shelter များကိုလည်း တည်ဆောက်ပေးထားနိုင်ပေပြီ။

ယခုအခါ မုန်တိုင်းသင့်ဒေသများ၌ မူလအခြေအနေထက် သာလွန်ကောင်းမွန်သည့် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အခြေအနေကောင်းများ တွေ့မြင်နေရပြီ။ အမျိုးသားရေးစိတ်ဓာတ်ကို အရင်းခံပြီး နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့၏ညီညွတ်မှု စွမ်းပကားကြောင့်ဖြစ်သည်။ နိုင်ငံတကာ အဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပမှ စေတနာရှင်ပြည်သူများ၏ ငွေအား၊ လူအား၊ ပစ္စည်းအားဖြင့် ဘက်ပေါင်းစုံမှပါဝင်ကူညီပေးခဲ့ကြမှုများကြောင့် ဖြစ်သည်။ ယင်းသို့ စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် ကဏ္ဍအသီးသီးတွင် ပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြသူများ၏ စိတ်ဓာတ်နှင့်စွမ်းဆောင်မှုများကို နိုင်ငံတော်က ထာဝစဉ် မှတ်တမ်းတင် ဂုဏ်ပြုလျက်ရှိနေမည် ဖြစ်ပါသည်။ ။

မိုးညိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က စိမ်းလန်းစိုပြည်သာယာလှပရေးအတွက် ပန်းအလှပင် စိုက်ပျိုးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ပန်းခြံအတွင်း မြေခင်းအလှဆောင်ရွက်ခြင်းကို အမှုဆောင်အရာရှိ ဦးအောင်စိုးသိန်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းများကို ရိုးသားမှန်ကန်စွာ ကြိုးစားဆောင်ရွက် ပြောင်းလဲတိုးတက်လျက်ရှိသည့် နည်းပညာများကို အကျိုးရှိစွာ အသုံးချ

နေပြည်တော် စက်တင်ဘာ ၁

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်နယ်နှင့်တိုင်းဒေသကြီး တာဝန်ခံအရာရှိများအား တွေ့ဆုံပွဲ အခမ်းအနားကို ဩဂုတ် ၃၀ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း တက်ရောက်အမှာစကားပြောကြားသည်။(အပေါ်ပုံ)

အဆိုပါ အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်နယ်နှင့်တိုင်းဒေသကြီး တာဝန်ခံအရာရှိများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဝန်ကြီး ဦးလှထွန်းက အမှာစကားပြောကြားရာ၌ နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးမှု အရှိန်အဟုန် မြင့်မားစေရန်အတွက် ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများအတိုင်း တိကျစွာ ဆောင်ရွက်ကြရန် ဖြစ်ကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် တာဝန်ယူကြရမည့် တာဝန်ခံအရာရှိများသည် မိမိတို့ ကွပ်ကဲမှုအောက်ရှိ လုပ်ငန်းတာဝန်များကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်နှင့် မိမိလက်အောက်ရှိ ဝန်ထမ်းများအား လုပ်ငန်းကျွမ်းကျင်မှုရှိစေရန် ဦးဆောင်ဦးရွက်ပြုကြရမည်ဖြစ်ကြောင်း၊ လက်တွေ့နယ်ပယ်တွင် တာဝန်ထမ်းဆောင်ကြသည့်အခါ စိတ်ထားမှန်ကန်ကောင်းမွန်မှု၊ ရိုးဖြောင့်မှန်ကန်တာဝန်သိမှုတို့ကို အခြေခံပြီး ပြည့်ဝမှန်ကန်စွာ ရောက်ရှိစေရေး အလေးထားကြိုးပမ်းကြရန် အထူးအရေးကြီးကြောင်း စသည်ဖြင့် အကျယ်တဝင့် ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်နှင့်တိုင်းဒေသကြီးတာဝန်ခံများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ညွှန်ကြားရေးမှူးချုပ်က တင်ပြချက်များအပေါ် ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

မှာကြား

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးက လုပ်ငန်းဆိုင်ရာများ မှာကြားပြီး နိဂုံးချုပ်အမှာစကား ပြောကြားရာ၌ ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းများဆောင်ရွက်ရာတွင် ရိုးသားမှန်ကန်စွာ ကြိုးစားဆောင်ရွက်ကြရန်နှင့်လုပ်ငန်းဆောင်ရွက်မှုတိုင်း ထိရောက်ထက်မြက်စေရန် ပြောင်းလဲတိုးတက်လျက်ရှိသည့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများကို အကျိုးရှိစွာ အသုံးချနိုင်ရန်အရေးကြီးကြောင်းဖြင့်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

ဗဟန်း စာပေနှင့် စာနယ်ဇင်း အတွေ့အကြုံရှင်း

ရန်ကုန် စက်တင်ဘာ ၁

ဗဟန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ပဥ္စမအကြိမ်ညီလာခံ အတွေ့အကြုံရှင်းလင်းပွဲကို ဩဂုတ် ၁၅ ရက် နံနက်ပိုင်းတွင် အမှတ်(၂၂၂) ရွှေဂုံတိုင်လမ်း၌ ကျင်းပရာ သဘာပတိ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးကိုကိုလေး (ရန်ကင်းကိုကိုလေး)က အမှာစကားပြောကြားသည်။ ထို့နောက် ဘဏ္ဍာရေးမှူး ဒေါ်နီနီတင် (နီနီ-မြန်မာစာ)က ပဥ္စမအကြိမ်ညီလာခံတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဖွင့်ပွဲအခမ်းအနားမိန့်ခွန်းပါ မှာကြားချက်နှင့် ကျင်းပရေး ဗဟိုကော်မတီနာယက ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ မှာကြားချက်များကို ရှင်းလင်းတင်ပြပြီး အတွင်းရေးမှူး ဦးလှိုင်မြင့်(တမာမြေလှိုင်မြေ)က ရှေ့လုပ်ငန်းစဉ်များကို တင်ပြရာ အဖွဲ့ဝင်များက ဆွေးနွေးအကြံပေးကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ညွှန်ကြားချက်များနှင့်အညီ ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရန်၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့မဂ္ဂဇင်း ထုတ်ဝေရန် ကိစ္စရပ်များ ညှိနှိုင်းဆွေးနွေးကြသည်။ (ကြေးမုံ)

ပန်းဘဲတန်းမြို့နယ်၌ ရွေးကောက်ပွဲသင်တန်းဖွင့်

ရန်ကုန် စက်တင်ဘာ ၁

ပန်းဘဲတန်းမြို့နယ် ကော်မရှင်အဖွဲ့ခွဲ၏ မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းကို ဩဂုတ် ၂၉ ရက်တွင် အထက(၁) ပန်းဘဲတန်း ဧကရီခန်းမ၌ ကျင်းပရာ ခရိုင်ကော်မရှင်ဥက္ကဋ္ဌ ဦးအောင်မိုးမြင့်နှင့် ခရိုင်အဖွဲ့ဝင်များ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးထွန်းမြင့်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများနှင့် မြို့နယ်ရှိ မဲရုံ ၂၆ ရုံမှ မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

လက်တွေ့သရုပ်ပြ

အခမ်းအနားတွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး**(အပေါ်ပုံ)** မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ လုပ်ငန်းတာဝန်များ၊ အသုံးပြုရမည့် ပုံစံဇယားများကို ရှင်းလင်းဆွေးနွေးပို့ချသည်။ ထို့နောက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲက မဲပေးခြင်း လက်တွေ့သရုပ်ပြ ရှင်းလင်းဆွေးနွေးကြကြောင်း သိရသည်။

(မြို့နယ်ကော်မရှင်)

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စာနယ်ဇင်းပညာသင်တန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးဖွင့်လှစ်သည့် စာနယ်ဇင်းပညာသင်တန်း (၁/၂၀၁၀)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်စနာရီခွဲတွင် ရန်ကုန်မြို့ စာပေဗိမာန်ဒုတိယထပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ခေတ္တဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)က အဖွင့်အမှာစကားပြောကြားပြီး အတွင်းရေးမှူးဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်)နှင့် တွဲဖက်အတွင်းရေးမှူး(၁) ဦးမြတ်ခိုင်(မြတ်ခိုင်)တို့က သင်တန်းဖွင့်လှစ်ရခြင်းနှင့် သင်တန်းပို့ချမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ Inforithm Maze Co., Ltd . နှင့် Asian Fame Media Group တို့က ငွေကျပ်ငါးသိန်းစီ၊ မော်ဒန်ဂျာနယ်က ငွေကျပ်သုံးသိန်း၊ Yangon Media Group နှင့် Myanmar Consolidated Media Group တို့က ငွေကျပ်နှစ်သိန်းစီ၊ Hot News ဂျာနယ်၊ သရဖူမဂ္ဂဇင်းနှင့် ကြောင်နှစ်ကောင်စာပေတို့က ငွေကျပ်တစ်သိန်းစီ စုစုပေါင်းငွေကျပ် သိန်း ၂၀ကို လှူဒါန်းကြရာ အဖွဲ့ခေတ္တဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က လက်ခံကြသည်။

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ကကြီးမှူး၍ စာနယ်ဇင်းပညာသင်တန်းများ ဖွင့်လှစ်သင်ကြားခဲ့ရာ ယခုသင်တန်းသည် အထူးမွမ်းမံသင်တန်း အပါအဝင် (၅)ကြိမ်မြောက်ဖွင့်လှစ်ခြင်းဖြစ်ပြီး ယခုသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၄၅ဦး တက်ရောက်ကြကာ သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရွှေ့ဖုံးမှ

တိုးမြှင့်ဖွဲ့စည်းရန်လိုကြောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်တာဝန်ခံများ ဖြစ်သော ကော်မရှင်အဖွဲ့ဝင်များနှင့် စာရင်းဇယားများ ညှိနှိုင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသွားသည်။

ယင်းနောက် တက်ရောက်လာကြသည့် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်ကော်မရှင်အတွင်းရေးမှူးများက လုပ်ငန်းဆိုင်ရာများကို အသီးသီးဆွေးနွေးတင်ပြကြပြီး ကော်မရှင်အဖွဲ့ဝင်များနှင့် ရွေးကောက်ပွဲဆိုင်ရာ စာရင်းဇယားများ ညှိနှိုင်းဆောင်ရွက်ကြသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း ရေကူးပြိုင်ပွဲ ဖွင့်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် စက်တင်ဘာ ၁

ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း ရေကူးပြိုင်ပွဲ ဖွင့်ပွဲ၊ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၇ ရက်တွင် တပ်မတော်(ရေ) ရေကူးကန်၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်စား ဧရာဝတီရေတပ်စခန်းဌာနချုပ် ခေတ္တဌာနချုပ်မှူး တက်ရောက်ပြီး အဖွင့်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ရန်ကုန်တပ်နယ်နှင့် သန်လျင်တပ်နယ်တို့မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များ၊ တာဝန်ရှိသူများ၊ မိသားစုများ၊ ဖိတ်ကြားထားသည့် ဧည့်သည်များနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗိုလ်လုပွဲအသင်းများ ယှဉ်ပြိုင်ကစားကြပြီး ပြိုင်ပွဲအပြီး၌ ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ တံခွန်စိုက်ဒိုင်း ရရှိသည့် အသင်းအား ကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်စား ဧရာဝတီရေတပ်စခန်းဌာနချုပ် ခေတ္တဌာနချုပ်မှူးက တံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ ဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအခမ်းအနားကို ဩဂုတ် ၂၉ ရက်က အမျိုးသား အားကစားပြိုင်ပွဲရုံ(၂) လှိုင်တက္ကသိုလ်နယ်မြေ၌ ကျင်းပရာ ဗိုလ်လုပွဲ၌ ပထမရရှိသွားသော လသာမြို့နယ် ဘောလုံးအသင်းအား အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သူဇော် ဆုဖလားချီးမြှင့်စဉ်။ (ကြေးမုံ)

ဝန်ကြီး ဦးခင်မောင်မြင့် ဗဟိုသင်တန်းကျောင်း (သုဝဏ္ဏ)၌ ဖွင့်လှစ်ခဲ့သော သင်တန်းများဆင်းပွဲအခမ်းအနား တက်ရောက်

ရန်ကုန် စက်တင်ဘာ ၁

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် ဩဂုတ် ၃၀ ရက် ညနေ ၄ နာရီခွဲတွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဗဟိုသင်တန်းကျောင်း (သုဝဏ္ဏ)၌ ကျင်းပသည့် လက်ထောက်အင်ဂျင်နီယာ(မြို့ပြ) အဆင့်မြင့်သင်တန်း၊ လက်ထောက်အင်ဂျင်နီယာ (ရေ/သန့်) အခြေခံသင်တန်း၊ လမ်းအရည်အသွေး စမ်းသပ်တိုင်းတာကွပ်ကဲခြင်း(အင်ဂျင်နီယာ) သင်တန်း၊ အငယ်တန်း အင်ဂျင်နီယာ(၂) မြို့ပြ(မွမ်းမံ)သင်တန်းနှင့် စာရင်းကိုင်အဆင့်(၄) မွမ်းမံသင်တန်းများဆင်းပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။

ပေးအပ်ချီးမြှင့်

ရှေးဦးစွာ ဝန်ကြီးက သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းများတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော သင်တန်းသား၊ သင်တန်းသူများအား ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး(အုပ်ချုပ်ရေး) ဦးကျင်မောင်က သင်တန်းများ၏ သင်တန်းသားခေါင်းဆောင်များထံ သင်တန်းဆင်း အောင်လက်မှတ်များကို ပေးအပ်သည်။

နှုတ်ဆက်

ထို့နောက် ဝန်ကြီးသည် သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ အဆိုပါ သင်တန်းများတွင် သင်တန်းသား စုစုပေါင်း ၁၄၂ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ငါးပတ်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် လက်ထောက်အင်ဂျင်နီယာ(မြို့ပြ) အဆင့်မြင့်သင်တန်း၊ လက်ထောက်အင်ဂျင်နီယာ (ရေ/သန့်) အခြေခံသင်တန်း၊ လမ်းအရည်အသွေး စမ်းသပ်တိုင်းတာကွပ်ကဲခြင်း(အင်ဂျင်နီယာ) သင်တန်း၊ အငယ်တန်းအင်ဂျင်နီယာ(၂) မြို့ပြ (မွမ်းမံ)သင်တန်းနှင့် စာရင်းကိုင်အဆင့်(၄) မွမ်းမံသင်တန်းများ ဆင်းပွဲတွင် သင်တန်းဆင်းလက်မှတ်နှင့် ထူးချွန်ဆုများ ပေးအပ်စဉ်။

(ဆောက်လုပ်ရေး)

ပေါက်ခေါင်း တိုင်းရင်းဆေးကုဌာနသို့ အုတ်တံတိုင်းနှင့် သံတံခါးများ လှူဒါန်း

ပေါက်ခေါင်း စက်တင်ဘာ ၁

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် တိုင်းရင်းဆေးကုဌာနသို့ ရှေ့မျက်နှာစာခြံစည်းရိုး အုတ်တံတိုင်းနှင့် အဝင်ပေါက်သံပန်းတံခါး လှူဒါန်းခြင်းအခမ်းအနားကို ဩဂုတ် ၁၃ ရက်က တိုင်းရင်းဆေးကုဌာန၌ ကျင်းပသည်။

အလှူရှင် ပေါက်ခေါင်းမြို့ အမှတ်(၁)ရပ်ကွက် ဉာဏ်ပွင့်ပညာရေး လေ့ကျင့်စခန်းမှ ဆရာဦးရဲလေး၊ ဆရာမ ဒေါ်ဝင်းကြည်၊ သမီး မမြပွင့်ချို မိသားစုက ရှေ့မျက်နှာစာ ခြံစည်းရိုး အုတ်တံတိုင်းနှင့် အဝင်ပေါက်သံပန်းတံခါးအတွက် စုစုပေါင်း တန်ဖိုးငွေကျပ် ၉၀၃၀၀၀ ကို ပေးအပ်လှူဒါန်းရာ ပဲခူးတိုင်းဒေသကြီး တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းဦးစီးဌာနမှူး ဦးအုန်းဆွေမြင့်၊ တာဝန်ရှိသူများနှင့် ဆေးခန်းကြီးကြပ်ကော်မတီတို့က လက်ခံရယူကြောင်း သတင်းရရှိသည်။ (မြို့နယ်ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂-၉-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၂၀ ၃။ မိုးကုတ်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ -သစ္စာသိပြီးမှလှူပါ (အပိုင်း-၂)
- ၇း၃၀ ၄။ ဓမ္မပူဇာတေး
- ၇း၃၅ ၅။ မျိုးချစ်တပ်မတော်
- ၇း၄၀ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၄၅ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၂။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၃။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၃၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၄၀ ၄။ အမျိုးသားရေးတေးကဗျာ
- ၄း၄၅ ၅။ မွေးမြူသုတ
- ၄း၅၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၅း၀၀ ၇။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
- ၅း၃၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၆း၂၀ ၁၁။ လျှပ်တစ်ပြက်ရိုက်ချက်
- ၆း၃၀ ၁၂။ ထူးဆန်းထွေလာ မျက်လှည့်ပညာ
- ၆း၄၅ ၁၃။ ကာတွန်းအစီအစဉ် - စွန့်စားသူတို့ပျော်စံရာ (အပိုင်း-၄၄)
- ၇း၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်ကြိုးယှက်နွယ် (အပိုင်း-၃)**
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ နိုင်ငံတကာသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ အနုပညာရှင်၏တစ်နေ့တာ
- ၂၀။ ကုန်သွယ်သုတ
- ၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -တိမ်လွှာကြားက သိုင်းသမား (အပိုင်း-၁၁)**
- ၂၃။ ဂီတရင်ခုန်သံ
- ၂၄။ သင့်အတွက်မနက်ဖြန်
- ၂၅။ အပိတ်နှုတ်ဆက်စကား
- ၂၆။ ပြီးပါပြီ။

ဟိုတယ်နှင့် ကွန်ပျူတာဆိုင်ရာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိ

ရန်ကုန် စက်တင်ဘာ ၁

SANTINI International Training Academy က ပြည်တွင်းပြည်ပရှိ စားသောက်ဆိုင်များ၊ ကော်ဖီဆိုင်များ၊ Shopping mall များ၊ ဟိုတယ်ကြီးများနှင့် အပျော်စီးသင်္ဘောများ၌ ဝင်ရောက်အလုပ်လုပ်ကိုင်လိုသူများအတွက် လည်းကောင်း၊ မိမိ၏ ဘဝမြင့်မားရေးအတွက် လိုအပ်သော အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းအဖြစ် လည်းကောင်း၊ ဟိုတယ်လုပ်ငန်းဆိုင်ရာ သင်တန်းများ၊ ကွန်ပျူတာ နည်းပညာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါသင်တန်းများအနက် အလုပ်အကိုင် အခွင့်အလမ်းများစွာရှိသော အဆင့်မြင့်ဟိုတယ် သင်တန်းများဖြစ်သည့် Managing Front Office Operation, Managing Housekeeping Operation, Managing Food & Beverage Operation Course များမှာ လေးလကြာမြင့်မည်ဖြစ်ပြီး အခြေခံကာလတို တစ်လခွဲသင်တန်းများဖြစ်သော Front Desk Representative, Guest-room Attendant, Restaurant Server, Bartender & Arts of Mixology များကို လည်းကောင်း၊ ရုံးဝန်ထမ်းများအဆင်ပြေစေရန် **"ရုံးချိန်ပြင်ပစာသင်ချိန်များ"** အသွင်ဖြင့် IT သင်တန်းများအပြင် ကာလရှည် လေးလသင်တန်းဖြစ်သော Managing Front Office Operation ကို လည်းကောင်း ဩဂုတ်လတွင် တစ်ပြိုင်နက်ထဲ ဖွင့်လှစ်ခဲ့သည်။

၎င်းသင်တန်းများတွင် American Hotel & Lodging Association မှ အသိအမှတ်ပြုဆရာများက သင်ကြားပေးမည်ဖြစ်ပြီး ဤသင်တန်းကျောင်းမှာ မြန်မာနိုင်ငံ၏ တရားဝင် တစ်ခုတည်းသော အသိအမှတ်ပြု ကျောင်းခွဲဖြစ်ကြောင်း၊ ယင်းသင်တန်းကျောင်းမှ ဇူလိုင်လအတွင်း အမေရိကမှ တိုက်ရိုက်စစ်ဆေးခဲ့သော စာမေးပွဲများတွင် ၁၀၀ ရာခိုင်နှုန်း အောင်မြင်၍ ၉၀ ရာခိုင်နှုန်းမှာ အထူးအောင်မှတ်များဖြင့် အောင်မြင်စွာ ဖြေဆိုနိုင်ခဲ့ကြောင်း၊ ယင်းကျောင်းသားများသည် ယခုအခါတွင် မြန်မာနိုင်ငံရှိ နိုင်ငံတကာဟိုတယ်ကြီးများနှင့် ပြည်ပ အလုပ်အကိုင်များတွင် ဝင်ရောက်လုပ်ကိုင်နေပြီဖြစ်ကြောင်း သိရှိရသည်။

ထို့အပြင် သင်တန်းသားများ၏ အထူးခံစားခွင့်အနေဖြင့် အခမဲ့ဟိုတယ်သုံး အင်္ဂလိပ်စကားပြောသင်တန်း၊ IT Course နှင့် အင်တာနက်အသုံးပြုခွင့်များလည်း ရရှိနိုင်သည်ဟု သိရှိရသည်။

SANTINI အား City & Guilds (UK) ကလည်း ၎င်းတို့၏ တရားဝင်ကျောင်းခွဲအဖြစ်ခန့်အပ်ခဲ့ပြီး Hospitality Diploma သင်တန်းများကို မကြာမီ ဖွင့်လှစ် သင်ကြားတော့မည်ဖြစ်ရာ စက်တင်ဘာ ၄ ရက်တွင် Strand Hotel Ball Room ၌ ကျင်းပမည့် ပညာရေးဆွေးနွေးပွဲ၌ မိတ်ဆက်မည်ဖြစ်သည်ဟု သိရှိရသည်။

တက္ကသိုလ်များစာမေးပွဲအပြီး အထူးအစီအစဉ်အနေဖြင့် သင်တန်းများအားလုံးကို ၂၀ ရာခိုင်နှုန်း လျှော့ဈေးအပြင် သင်တန်းသစ်တိုင်းအတွက် "Full Scholarship" ရရှိမည့် အခွင့်အရေးလည်း ရှိကြောင်း၊ ထို့အပြင် သင်တန်းများပြီးဆုံးလျှင် အလုပ်အကိုင်အခွင့်အလမ်းရရှိရန် အပြည့်အဝ တာဝန်ယူဆောင်ရွက်ပေးကြောင်း၊ အောက်တိုဘာ ပထမပတ်တွင် ဖွင့်လှစ်မည့် သင်တန်းသစ်များအတွက် ကျောင်းအပ်လက်ခံနေပြီဖြစ်ကြောင်းနှင့် ထိရောက်သော သင်ကြားမှုအတွက် ကျောင်းသားဦးရေကို ကန့်သတ်ထားကြောင်း၊ အသေးစိတ်သိရှိလိုပါက အမှတ်(၁၇၀/၁၇၆) နယူးဧရာဟိုတယ် ပထမထပ် ဗိုလ်အောင်ကျော်လမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ Email: info@santinitraining.com, admin@santinitraining. com, website: www. santinitraining.com ဖုန်း-၃၈၃၇၃၉၊ ၃၈၃၃၇၄၀ နှင့် ၂၅၆၉၃၈ ~ ၄၄ လိုင်းခွဲ ၈၅၅၅ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြစ်သားမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရွာရှည်-ဘုံကွင်းကျေးလက်လမ်း မိုင်တိုင်(၄/၂)ရှိ အရှည် ပေ ၃၀၊ အကျယ် ၁၄ ပေ၊ အမြင့် ရှစ်ပေရှိ သစ်သားတံတား ပြုပြင်ခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ(လက်ထောက်ညွှန်ကြားရေးမှူး) ဦးထွန်းအောင်ခင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ဇော်မင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

စာအုပ်စာပေ လူ့မိတ်ဆွေ

မဟာမိတ်တပ်ဖွဲ့များ၏ အကြမ်းဖက်မှု နှိမ်နင်းရေးဗျူဟာ အာဖဂန်သမ္မတဝေဖန်

ကဘူး စက်တင်ဘာ ၁

အမေရိကန် ဦးဆောင်သော မဟာမိတ်တပ်ဖွဲ့များက ကျင့်သုံးလျက်ရှိသည့် အာဖဂန်စစ်သွေးကြွ သောင်းကျန်းသူများကို နှိမ်နင်းရေး မဟာဗျူဟာအား အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းက ပြင်းထန်စွာ ဝေဖန်ခဲ့ကြောင်း ဩဂုတ် ၃၀ ရက် သတင်းများတွင် ဖော်ပြထားသည်။

မဟာမိတ်တပ်ဖွဲ့များ လက်ရှိကျင့်သုံးနေသော သောင်းကျန်းမှုနှိမ်နင်းရေး မဟာဗျူဟာသည် ထိရောက်မှုမရှိဘဲ အရပ်သားများ သေဆုံးရခြင်းသာ အဖတ်တင်၍ အောင်မြင်မှု မည်မည်ရရ မရှိကြောင်း ဂျာမနီပါလီမန်လွှတ်တော် ပြောရေးဆိုခွင့်ရှိသူနှင့် ဩဂုတ် ၂၉ ရက်က တွေ့ဆုံရာတွင် သမ္မတကာဇိုင်းက ပြောကြားသည်။

သောင်းကျန်းမှု နှိမ်နင်းရေး မဟာဗျူဟာများကို ပြန်လည်စစ်ဆေးသုံးသပ်ရေးသည် အာဖဂန်နစ္စတန်နိုင်ငံအတွက် မလုပ်မဖြစ်လုပ်ဆောင်ရမည့် တာဝန်တစ်ရပ်ဖြစ်ကြောင်း သမ္မတ ဟာမစ်ကာဇိုင်းက ပြောကြားသည်။

နေတိုးနှင့် အာဖဂန်တပ်ဖွဲ့များသည် အကြမ်းဖက်မှု တိုက်ဖျက်ရေးစစ်ပွဲကို ဆင်နွှဲရာတွင် တုံ့ဆိုင်းနှေးကွေးနေကြောင်း အာဖဂန်သမ္မတကာဇိုင်းက ယခင်ကလည်း ပြောကြားခဲ့ဖူးသည်။ ယင်းအပြင် နေတိုးတပ်ဖွဲ့၏ စစ်ဆင်ရေးများအတွင်း အရပ်သားများ သေဆုံးခဲ့မှုကိုလည်း ၎င်းက ပြစ်တင်ဝေဖန်ခဲ့သည်။

အာဖဂန်နစ္စတန်မှ အမေရိကန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းမည့် ကာလဘောင်တစ်ရပ်ကို အမေရိကန်အစိုးရက သတ်မှတ်ခဲ့ခြင်းသည် စစ်သွေးကြွများကို စိတ်ဓာတ်ရေးရာအရ မြင့်တက်စေခဲ့ကြောင်း သမ္မတကာဇိုင်းက ပြောကြားခဲ့သည်။ ၂၀၁၁ ခုနှစ် ဇူလိုင်လကို အာဖဂန်စစ်မြေပြင်မှ အမေရိကန်တပ်ဖွဲ့များ ပြန်လည်ရုပ်သိမ်းမည့် အချိန်အဖြစ် အမေရိကန်အစိုးရက သတ်မှတ်ထားသည်။ *အင်တာနက်။*

အီရတ်နိုင်ငံတစ်ဝန်း အကြမ်းဖက်မှုများကြောင့် ဩဂုတ်လအတွင်း အရပ်သားရာပေါင်းများစွာသေဆုံး

ဘဂ္ဂဒက် စက်တင်ဘာ ၁

အီရတ်နိုင်ငံ၌ ဖြစ်ပေါ်လျက်ရှိသော အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ဩဂုတ်လအတွင်း အီရတ်အရပ်သား ရာပေါင်းများစွာ သေဆုံးခဲ့ရကြောင်း အီရတ်အာဏာပိုင်များက စက်တင်ဘာ ၁ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

နောက်တစ်နေ့

အဆိုပါ သတင်းထုတ်ပြန်ကြေညာချက်သည် အမေရိကန်သမ္မတ ဘာရက်အိုဘားမားက အီရတ်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့များ၏ စစ်ရေးလှုပ်ရှားမှုများ အဆုံးသတ်ခဲ့ခြင်းနှင့် ပတ်သက်၍ မိန့်ခွန်းတစ်ရပ် ပြောကြားခဲ့ပြီး နောက်တစ်ရက်တွင် ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

ဖော်ပြထား

အီရတ် ပြည်ထဲရေးဝန်ကြီးဌာန၏ အဆိုအရ ဩဂုတ်လအတွင်း အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် သေဆုံးခဲ့ရသော အီရတ်အရပ်သား ၂၉၅ ဦးရှိခဲ့ပြီး ၅၀၈ ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ ယင်းလအတွင်းမှာပင် အီရတ်လုံခြုံရေး တပ်ဖွဲ့ဝင် ၅၄ ဦးသေဆုံးခဲ့ပြီး ၁၅၀ ကျော် ဒဏ်ရာရခဲ့ကြောင်း အီရတ်ပြည်ထဲရေးဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြထားသည်။

အမြင့်မားဆုံး

ဇူလိုင်လအတွင်း အီရတ်နိုင်ငံ၌ ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် အရပ်သား ၄၀၀ ကျော် သေဆုံးခဲ့ပြီး ၂၀၀၈ ခုနှစ်နောက်ပိုင်း အမြင့်မားဆုံးနှုန်း ဖြစ်ခဲ့သည်။

ယခု စက်တင်ဘာ ၁ ရက်တွင် အီရတ်နိုင်ငံတစ်ဝန်း၌ အကြမ်းဖက်တိုက်ခိုက်မှု သုံးမှုဖြစ်ပွားခဲ့ပြီး ဗုံးထောင်တိုက်ခိုက်မှုနှင့် လမ်းဘေးဗုံးပေါက်ကွဲမှုများကြောင့် အီရတ်ရဲတပ်ဖွဲ့အရာရှိ တစ်ဦးသေဆုံးခဲ့ပြီး လေးဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ *အင်တာနက်။*

အာဖဂန်မှ ဗြိတိန်တပ်ဖွဲ့များ၏ စစ်ရေးလှုပ်ရှားမှုများ ၂၀၁၅ တွင် အဆုံးသတ်မည်

ကမ့်ဘက်ရှင်း စက်တင်ဘာ ၁

အာဖဂန်နစ္စတန်နိုင်ငံ၌ ဗြိတိန်၏ စစ်ဆင်ရေးလှုပ်ရှားမှုများကို ၂၀၁၅ ခုနှစ်တွင် အဆုံးသတ်မည်ဖြစ်ကြောင်း ဗြိတိန်လက်ထောက် ဝန်ကြီးချုပ် နစ်ခ်ကလက်ဂ့်က ဩဂုတ် ၃၁ ရက်တွင် ပြောကြားခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

သို့ရာတွင် အာဖဂန်နစ္စတန်နိုင်ငံ၌ စစ်မြေပြင် အခြေစိုက် ဗြိတိန်တပ်ဖွဲ့များအတွက် အသုံးစရိတ်ကို ဖြတ်တောက်ခြင်း မပြုရန် ဗြိတိန်လက်ထောက်ဝန်ကြီးချုပ်က တောင်းဆိုလိုက်သည်။

တာလီဘန် တိုက်ခိုက်ရေးသမားများသည် အာဖဂန်နစ္စတန်နိုင်ငံ၏ အနာဂတ် နိုင်ငံရေးကဏ္ဍတွင် အစိတ်အပိုင်းတစ်ရပ်အဖြစ် ပါဝင်လာမည်ဖြစ်ကြောင်း အာဖဂန်တောင်ပိုင်း ဟဲလ်မန့်ပြည်နယ်ရှိ ဘက်ရှင်း(ခံတပ်) စစ်အခြေစိုက် စခန်းရှိ ဗြိတိန်တပ်ဖွဲ့ဝင်များကို လာရောက်တွေ့ဆုံစဉ် နစ်ခ်ကလက်ဂ့်က ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် ဗြိတိန်တပ်ဖွဲ့ဝင် ၁၀၀၀၀ ခန့်ရှိပြီး ယင်းတပ်ဖွဲ့ဝင်များကို အာဖဂန်နစ္စတန်၏ ပြည်တွင်းရေးအား အာဖဂန်တပ်ဖွဲ့ဝင်များက နိုင်နင်းစွာ ကိုင်တွယ်နိုင်ပါက အခြားသော အနောက်မဟာမိတ်တပ်ဖွဲ့များနည်းတူ အာဖဂန် စစ်မြေပြင်မှ ရုပ်သိမ်းရန် စီစဉ်ထားသည်။

ယင်းအပြင် အာဖဂန်စစ်ပွဲသည် နိုင်ငံရေးအရ ဖြေရှင်းနိုင်မှု မရှိပါက အဆုံးသတ်နိုင်မည်မဟုတ်ကြောင်း ဗြိတိန်လက်ထောက်ဝန်ကြီးချုပ်က ပြောကြားသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာပြည်နယ်တွင် ဩဂုတ်၃၁ရက်က ဖြစ်ပွားသော လမ်းဘေးမိုင်း ပေါက်ကွဲမှုတွင် ဒဏ်ရာရသူများကို ကယ်ရန်ကြိုးစားနေသော အမေရိကန် ဆေးတပ်ဖွဲ့ဝင်များ။

အာဖဂန်တစ်ဝန်း အကြမ်းဖက်မှုများကြောင့် ၄၈ နာရီအတွင်း ကန်တပ်ဖွဲ့ဝင် ၂၂ ဦးသေဆုံး

ကဘူး စက်တင်ဘာ ၁ - အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းနှင့် အရှေ့ပိုင်းဒေသများတွင် ၄၈ နာရီအတွင်း ဖြစ်ပွားခဲ့သော ဗုံးခွဲတိုက်ခိုက်မှုများကြောင့် အမေရိကန်တပ်ဖွဲ့ဝင် ၂၂ ဦး သေဆုံးခဲ့ရာ ယခုနှစ်နွေရာသီအတွင်း အမေရိကန်တပ်ဖွဲ့များအတွက် အသေအပျောက် အများဆုံးကာလတစ်ရပ်ဖြစ်ကြောင်း ဩဂုတ် ၃၁ ရက် သတင်းများတွင် ဖော်ပြသည်။

ယခုနှစ်အတွင်း နေတိုးဦးဆောင်သော ညွန့်ပေါင်းတပ်ဖွဲ့မှ သေဆုံးခဲ့သော တပ်ဖွဲ့ဝင်အရေအတွက်မှာ လက်ရှိအချိန်တွင် ၄၈၅ ဦး ရှိခဲ့ပြီဖြစ်ရာ ၂၀၀၉ ခုနှစ်အတွင်း သေဆုံးခဲ့သော တပ်ဖွဲ့ဝင်အရေအတွက် ၅၂၁ ဦးကို ကျော်လွန်နိုင်ဖွယ်ရှိကြောင်းလည်း ခန့်မှန်းထားသည်။ ကန်ဒါဟာပြည်နယ်တွင် တနင်္လာနေ့က ဖြစ်ပွားခဲ့သော ဗုံးခွဲတိုက်ခိုက်မှုမှာ အဆိုးရွားဆုံးဖြစ်ပြီး အမေရိကန်တပ်ဖွဲ့ဝင် ငါးဦးသေဆုံးခဲ့ရသည်။ အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်းနှင့် ၎င်း၏ မဟာမိတ်အနောက်နိုင်ငံများသည် စစ်သွေးကြွများ၏ရန်ကို ထိထိရောက်ရောက် ကိုင်တွယ်ဖြေရှင်းနိုင်ခြင်း မရှိသောကြောင့် ၂၀၀၃ ခုနှစ်မှစ၍ သေဆုံးမှုနှုန်းသည် နှစ်စဉ်မြင့်တက်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

အာဖဂန်ရဲတပ်ဖွဲ့ဝင်များနှင့်အရပ်သားများမှာ အကြမ်းဖက်တိုက်ခိုက်မှုများ၏ ဒဏ်ကို အဓိကခံခဲ့ရပြီး ဩဂုတ်လအတွင်း အရပ်သား ၂၂၉ဦးနှင့် ရဲတပ်ဖွဲ့ဝင် ၁၂၄ ဦး သေဆုံးခဲ့ရကြောင်း သိရသည်။ ***ဒေးလီးတယ်လီဂရပ်။***

အီရတ်စစ်ပြေးဒုက္ခသည်တစ်သန်းကျော်တို့၏ ဘဝအခြေအနေ ဆိုးရွားနိမ့်ကျနေဆဲဖြစ်

ဘဂ္ဂဒက် စက်တင်ဘာ ၁

အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့များက စစ်ရေးလှုပ်ရှားမှုများကို အဆုံးသတ်ခဲ့ပြီးဖြစ်သော်လည်း အကြမ်းဖက်တိုက်ခိုက်မှုများကို ရှောင်တိမ်းရန် နေရင်းရပ်ရွာများကို စွန့်ခွာ၍ နိုင်ငံတစ်ဝန်း ရွှေ့ပြောင်းနေထိုင်လျက်ရှိသော အီရတ်နိုင်ငံသား ဒုက္ခသည်ထောင်ပေါင်းများစွာတို့မှာ အတိဒုက္ခရောက်နေကြရဆဲဖြစ်ကြောင်း စက်တင်ဘာ ၁ ရက်သတင်းများတွင် ဖော်ပြသည်။

ဒုက္ခသည် ၁ ဒသမ ၅ သန်းကျော်သည် အီရတ်နိုင်ငံအတွင်း ဟိုမှသည် ရွှေ့ပြောင်းနေထိုင်နေကြရပြီး ယင်းတို့အနက် ၅၀၀၀၀၀ ခန့်မှာ ဒုက္ခသည်စခန်းများ၊ အများပြည်သူပိုင် အဆောက်အအုံများတွင် ကျပ်ကျပ်တည်းတည်းမှီခိုကပ်ရပ်နေကြရကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက ထုတ်ပြန်ခဲ့သည်။

ဘဂ္ဂဒက်မြို့တစ်မြို့တည်းတွင်ပင် ဒုက္ခသည်စခန်း ၁၂၀ ရှိပြီး ယင်းစခန်းများ၌ ဒုက္ခသည်ဦးရေ ၂၀၀၀၀၀ မျှ ခိုလှုံနေရသည်ဟု ဆိုသည်။ ယင်းအပြင် အီရတ်နိုင်ငံသား ထောင်ပေါင်းများစွာတို့သည် ပြည်တွင်းပဋိပက္ခများမှ လွတ်မြောက်ရန် အိမ်နီးချင်း ဆီးရီးယားနှင့် ဂျော်ဒန်နိုင်ငံများသို့ ဝင်ရောက်ခိုလှုံနေကြရကြောင်း သတင်းများတွင် ဖော်ပြသည်။ ***အင်တာနက်။***

အီရတ်ရှိအမေရိကန်တပ်ဖွဲ့များ၏ တပ်မှူးနေရာအပြောင်းအလဲဖြစ်ပေါ်

ဘဂ္ဂဒက် စက်တင်ဘာ ၁

နိုင်ငံရေးအရ မတည်ငြိမ်မှုများ၊ အကြမ်းဖက်တိုက်ခိုက်မှုများဖြင့် ရင်ဆိုင်နေရသော အီရတ်နိုင်ငံ၏ ပြည်တွင်းရေးတွင် အမေရိကန်စစ်ဘက်၏ပါဝင်ပတ်သက်မှု အဆုံးသတ်ခါနီးကာလ၌ အီရတ်ရှိအမေရိကန် စစ်ဘက်အကြီးအကဲများ နေရာအပြောင်းအလဲကို အမေရိကန်အစိုးရက စက်တင်ဘာ ၁ ရက်တွင် လုပ်ဆောင်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

အီရတ်နိုင်ငံတွင် ကျန်ရှိမည့် အမေရိကန်တပ်ဖွဲ့များ၏ တပ်မှူးအသစ်မှာ ဗိုလ်ချုပ်ကြီးလွိုက်အော်စတင်ဆိုသူဖြစ်သည်။ ၎င်းသည် အီရတ်နိုင်ငံအတွင်း ၂၀၀၈ ခုနှစ်မှ ၂၀၀၉ ခုနှစ်အတွင်းပြုလုပ်ခဲ့သော အမေရိကန်တပ်ဖွဲ့များ၏ စစ်ဆင်ရေးများတွင် တပ်မှူးတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပြီး လက်ရှိအီရတ်ရှိ အမေရိကန်တပ်ဖွဲ့များ၏ တပ်မှူးဗိုလ်ချုပ်ကြီး ရေးအော်ဒီရာနို၏နေရာကို ဆက်ခံတာဝန်ထမ်းဆောင်မည်ဖြစ်သည်။ ***အေပီ။***

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူး စက်တင်ဘာ ၁

. အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့သည့် အချိန်မှစတင်ပြီး စက်တင်ဘာ ၁ ရက် အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၃၁၀၉ ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ ဦးရေမှာ ၃၉၇၄၇ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	သေဆုံးသူအာဖဂန်ပြည်သူများ	၃၃၁၀၉ ဦး
၂	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူအာဖဂန်ပြည်သူများ	၃၉၇၄၇ ဦး

အင်တာနက်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် စက်တင်ဘာ ၁

. အီရတ်နိုင်ငံသို့ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီ ဖြစ်သည်။

အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည့်အချိန်မှစတင်ပြီး စက်တင်ဘာ ၁ ရက် အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူ ဦးရေမှာ ၇၀၃၃၀၇ ဦး ရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ ဦးရေမှာ ၁၂၇၂၅၅၉ ဦး ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	သေဆုံးသူအီရတ်ပြည်သူများ	၇၀၃၃၀၇ ဦး
၂	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၇၂၅၅၉ ဦး

အင်တာနက်။

နိုင်ငံတကာသတင်းများ

အနောက်ဘက်ကမ်းဒေသ၌ အစ္စရေးလေးဦးကို ပစ်ခတ်သတ်ဖြတ်မှုနှင့် စပ်လျဉ်း၍ ဟားမားစ်အဖွဲ့ဝင် ၂၅၀ ကျော်ကို ပါလက်စတိုင်းတပ်ဖွဲ့များက လိုက်လံဖမ်းဆီး

ရာမာလာ စက်တင်ဘာ ၁

အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး ဆွေးနွေးပွဲအသစ်များ ပြန်လည်မစတင်မီ တစ်ရက်အလိုတွင် ဂျော်ဒန်မြစ် အနောက်ဘက်ကမ်းဒေသ ဂျူးအခြေစိုက်အိမ်ရာများအနီးတွင် အစ္စရေး မိသားစုလေးဦးကို ချုံခိုပစ်ခတ်သတ်ဖြတ်မှုနှင့် စပ်လျဉ်း၍ ဟားမားစ်အဖွဲ့ဝင် ၂၅၀ ကျော်ကို ပါလက်စတိုင်းလုံခြုံရေးတပ်ဖွဲ့ဝင်များက တစ်ညလုံးလိုက်လံဖမ်းဆီးခဲ့သည်။

အဆိုပါ ဖမ်းဆီးမှုနှင့်အတူ သမ္မတမာမွတ်အဘတ်စ်၏ ပါလက်စတိုင်းအစိုးရအဖွဲ့က ပြိုင်ဘက်ဟားမားစ်အဖွဲ့သို့ ပြင်းပြင်းထန်ထန် ရေးသားဖော်ပြထားသောစာတစ်စောင်ကို ပေးပို့ခဲ့သည့်အပြင် အစ္စရေးအစိုးရထံသို့လည်း ငြိမ်းချမ်းရေးဆွေးနွေးပွဲသစ်များကို မဖြစ်မနေကျင်းပမည်ဖြစ်ကြောင်း အကြောင်းကြားခဲ့သည်။ ဟားမားစ်အဖွဲ့က ၎င်း၏အဖွဲ့ဝင်များအား လိုက်လံဖမ်းဆီးမှုနှင့် ပတ်သက်၍ "သစ္စာဖောက်မှု"အဖြစ် ပြစ်တင်ရှုတ်ချလိုက်သည်။

အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုကလည်း ဝါရှင်တန်၌ အင်္ဂါနေ့ညနေပိုင်းက ဟားမားစ်တို့၏ သတ်ဖြတ်မှုကြောင့် စေ့စပ်ညှိနှိုင်းမှုများကို လမ်းလွဲသွားစေမှာ မဟုတ်ကြောင်း ပြောကြားသည်။

အစ္စရေးနှင့် ယှဉ်တွဲ၍ လွတ်လပ်သော ပါလက်စတိုင်းနိုင်ငံတစ်ခု ထူထောင်နိုင်ရန် ရည်ရွယ်၍ ဆွေးနွေးပွဲများစတင်နိုင်ရန် အစ္စရေးနှင့်ပါလက်စတိုင်း တာဝန်ရှိသူများ အမေရိကန်ပြည်ထောင်စု ဝါရှင်တန်သို့ ရောက်ရှိနေကြပြီဖြစ်သည်။ **အေပီ။**

ဟားမားစ်တို့ ချုံခိုပစ်ခတ်မှုကြောင့် ဂျူးမိသားစုဝင် လေးဦးသေဆုံးသွားသောကားကို စစ်ဆေးနေကြသော အစ္စရေးရဲတပ်ဖွဲ့ဝင်များ။

ပီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးထံ ဝန်ကြီး ဦးဉာဏ်ဝင်း ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် စက်တင်ဘာ ၂

၂၀၁၀ခုနှစ် စက်တင်ဘာ ၂ ရက်တွင် ကျရောက်သော ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၆၅)နှစ်မြောက် အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဖန်ဇာခီယမ်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ဝန်ကြီး ဦးစိုးနိုင်အား ဂျပန်နိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးစိုးနိုင်အား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr. Yasuaki NOGAWA **လာရောက် တွေ့ဆုံစဉ်။**

(ဟိုတယ်/ခရီး)

နေပြည်တော် စက်တင်ဘာ ၁

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးနိုင်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Yasuaki NOGAWA သည် ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးဌာနရုံး ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ မြန်မာ-ဂျပန် နှစ်နိုင်ငံ ခရီးသွားလုပ်ငန်းကဏ္ဍ မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ပြီး ခရီးသွားလုပ်ငန်း ဆက်လက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြန်အလှန် ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကန်စစ်ဘက်တာဝန်ရှိသူများနှင့် တွေ့ဆုံမည့် ပါကစ္စတန်ကိုယ်စားလှယ်အဖွဲ့ အမေရိကန် လေဆိပ်အာဏာပိုင်များကြောင့် ခရီးစဉ်ဖျက်သိမ်း

ဝါရှင်တန် စက်တင်ဘာ ၁

အမေရိကန် စစ်ဘက်ဆိုင်ရာ အကြီးအကဲများနှင့် တွေ့ဆုံဆွေးနွေးမည့် ပါကစ္စတန် ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့သည် အမေရိကန်လေဆိပ်တစ်ခုမှ အာဏာပိုင်များ၏ တရားမဝင် စစ်ဆေးမှုကို ခံခဲ့ရပြီးနောက် ၎င်းတို့၏ ခရီးစဉ်ကို ပြန်လည်ဖျက်သိမ်းခဲ့ကြောင်း စက်တင်ဘာ ၁ရက် သတင်းများတွင် ဖော်ပြထားသည်။

ပါကစ္စတန် ကိုယ်စားလှယ်အဖွဲ့မှ အဖွဲ့ဝင်တစ်ဦးက လေယာဉ်ဝန်ထမ်းတစ်ဦးအား ယခုသွားရောက်မည့် လေကြောင်းခရီးစဉ်သည် ၎င်း၏ နောက်ဆုံး ခရီးစဉ်ဖြစ်ကြောင်း အစ္စလာမ္မာဘတ်မှ လာရောက်ရသည့် ခရီးရှည်ကြီးနှင့် ပတ်သက်၍ ရည်ညွှန်း ပြောကြားခဲ့သည်ကို ဝါရှင်တန်မြို့ ဒါးလက်စ် လေဆိပ်အာဏာပိုင်များက တစ်မျိုးတစ်မည်ယူဆသွားခဲ့သည်။ ယင်းနောက် လေဆိပ်အာဏာပိုင်များက ပါကစ္စတန် ကိုယ်စားလှယ်များကို ပြည်တွင်းလေကြောင်းခရီးစဉ်၌ လိုက်ပါမည့် ခရီးသည်စာရင်းမှ ပယ်ဖျက်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

ပါကစ္စတန် ကိုယ်စားလှယ်အဖွဲ့တွင် စစ်ဘက်တာဝန်ရှိသူ ကိုးဦးပါဝင်ပြီး ၎င်းတို့သည် အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် ကမ်ပါမြို့၌ အမေရိကန် အလယ်ပိုင်းစစ်ဌာနချုပ် စစ်ဘက်အကြီးအကဲများနှင့် တွေ့ဆုံဆွေးနွေးရန် အမေရိကန်နိုင်ငံသို့ သွားရောက်ခဲ့ခြင်းဖြစ်သည်။

ယင်းအဖြစ်အပျက်နှင့် ပတ်သက်၍ အမေရိကန် အာဏာပိုင်များက တောင်းပန်စကား ပြောကြားခဲ့သော်လည်း ပါကစ္စတန် ကိုယ်စားလှယ်အဖွဲ့သည် ခရီးစဉ်ကို ဖျက်သိမ်း၍ နေရင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားကြောင်း သတင်းများတွင် ဖော်ပြသည်။

အင်တာနက်။

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းတွင် ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း Civil Engineering Technical Division က ကြီးမှူးကျင်းပသော RCC Dam Construction & Civil Engineering Techno-Power အကြောင်းဟောပြောပွဲကို စက်တင်ဘာ ၄ ရက် (စနေနေ့) နံနက် ၉ နာရီမှ ၁၁ နာရီအတွင်း ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ Seminar Room ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါဟောပြောပွဲတွင် ဦးအောင်ဆွေ [M.E (Civil Engineering),Tokyo University] က ဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပြီး အသေးစိတ် သိရှိလိုပါက မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဖုန်း-၅၁၉၆၇၆ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁

ရန်ကုန်မြို့သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေး ဦးစီးကော်မတီ ပညာပေးရေး၊ စည်းရုံးလှုံ့ဆော်ရေးလုပ်ငန်း ကော်မတီနှင့် အမှတ်(၃) အခြေခံပညာ ဦးစီးဌာနတို့၏ ညှိနှိုင်းဆောင်ရွက်မှု ဖြင့် ကျောင်းသား၊ ကျောင်းသူများအတွက် ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေး အသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၃၁ ရက် မွန်းလွဲ ၁ နာရီတွင် သင်္ဃန်းကျွန်းမြို့နယ် အမှတ်(၄) အခြေခံပညာ မူလတန်းကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် ရုပ်ရှင်သရုပ်ဆောင် ဇေယျနှင့် သဇင်တို့က "ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေးအတွက် ကျောင်းသားလူငယ်များ ငယ်စဉ်ကပင် သန့်ရှင်းရေးနှင့် စည်းကမ်းရှိရေး" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှ ဒုတိယရဲမှူး မင်းဇော်က "ယာဉ်စည်းကမ်း လမ်းစည်းကမ်း လိုက်နာရေး" ခေါင်းစဉ် ဖြင့်လည်းကောင်း ဟောပြောကြသည်။

အလားတူ အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၃၀ ရက် မွန်းလွဲ ၁ နာရီတွင် အင်းစိန်မြို့နယ် အမှတ်(၉) အခြေခံပညာ အလယ်တန်းကျောင်း၌ ကျင်းပရာ ရုပ်ရှင် သရုပ်ဆောင် မိုးယံဇွန်နှင့် ခွန်းဆင့် နေခြည်တို့က "ရန်ကုန်မြို့ သန့်ရှင်း သာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေး အတွက် ကျောင်းသား လူငယ်များ ငယ်စဉ်ကပင် သန့်ရှင်းရေးနှင့် စည်းကမ်း ရှိရေး" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှ ဒုတိယရဲမှူး မင်းဇော်က "ယာဉ် စည်းကမ်း လမ်းစည်းကမ်း လိုက်နာရေး" ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောခဲ့ ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေး အသိပညာပေး ဟောပြောပွဲကို အင်းစိန်မြို့နယ် အမှတ် (၉) အခြေခံပညာအလယ်တန်း ကျောင်း၌ ကျင်းပရာ ရုပ်ရှင်သရုပ်ဆောင် မိုးယံဇွန်နှင့် ခွန်းဆင့်နေခြည်တို့က အသိပညာပေး ဟောပြောစဉ်။ (သတင်းစဉ်)

နိုင်ငံတကာအကူအညီပေးရေးဝန်ထမ်းများ၏ လေယာဉ်ကို ကွန်ဂိုအရှေ့ပိုင်း၌ သေနတ်သမားများက ပစ်ခတ်

ဂျိုဟန်နက်စဘတ် စက်တင်ဘာ ၁

ကွန်ဂိုအရှေ့ပိုင်းတွင် ဗုဒ္ဓဟူးနေ့က နိုင်ငံတကာအကူအညီပေးရေး ဝန်ထမ်းများကို သယ်ဆောင်လာသော ပုဂ္ဂလိကပိုင် လေယာဉ်တစ်စင်းကို သေနတ်သမားများက ပစ်ခတ်ကြပြီးနောက် တောတွင်းသို့ ထွက်ပြေးလွတ်မြောက်သွားကြကြောင်း အပြည်ပြည်ဆိုင်ရာ ဆေးဘက်ဆိုင်ရာအဖွဲ့အစည်း၏ ဒေသဆိုင်ရာ ညွှန်ကြားရေးမှူးက ပြောကြားသည်။

အကူအညီပေးရေးဝန်ထမ်းများကို ဗုဒ္ဓဟူးနေ့ ညနေပိုင်းတွင် ငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်က ကယ်ဆယ်ခဲ့ကြောင်း ကုလသမဂ္ဂအဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ပစ်ခတ်မှုဖြစ်ပွားစဉ် ကွန်ဂိုစစ်သားတစ်ဦးနှင့် အခြားလက်နက်ကိုင်နှစ်ဦးတို့လည်း သေဆုံးသွားခဲ့ကြောင်း ၎င်းက ပြောကြားသည်။

ပစ်ခတ်မှုဖြစ်ပွားသည့် လေယာဉ်ပေါ်တွင် လော့စ်အိန်ဂျလိစ် အခြေစိုက် ဆေးဘက်ဆိုင်ရာ အကူအညီပေးရေးအဖွဲ့မှ အမေရိကန်သုံးဦးနှင့် ဂျော်ဂျီယာတစ်ဦးတို့ ရှိနေပြီး ကွန်ဂိုလူမျိုးဝန်ထမ်းနှစ်ဦးတို့မှာ လေယာဉ်ပြေးလမ်းပေါ်တွင်ရှိနေကြောင်း၊ အဆိုပါ လေယာဉ်ကွင်းမှာ ဝါလီကာလေသတ္တုတွင်း မြို့ပြင်ပတွင်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။ **အင်တာနက်။**

ဟဲလ်မန့်ပြည်နယ်မှ ဗြိတိန်တပ်ဖွဲ့များ၏အမှား ကန်ဗိုလ်ချုပ်ကြီးဝေဖန်

လန်ဒန် စက်တင်ဘာ ၁

အာဖဂန်နစ္စတန်တောင်ပိုင်း ဟဲလ်မန့်ပြည်နယ်၌ ဗြိတိန်တပ်ဖွဲ့များကျင့်သုံးခဲ့သော နည်းဗျူဟာကို အမေရိကန်ထိပ်တန်း စစ်ဘက်တာဝန်ရှိသူတစ်ဦးက စက်တင်ဘာ ၁ ရက်တွင် ဝေဖန်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

အာဖဂန်စစ်မြေပြင်တွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသူ အမေရိကန်ဒုတိယဗိုလ်ချုပ်ကြီး ဘင်ဂျမင်ဖရိက်ခ်လေးက ဟဲလ်မန့်ပြည်နယ်တွင် ၂၀၀၆ ခုနှစ်က တာဝန်ထမ်းဆောင်ခဲ့သော ဗြိတိသျှတပ်ဖွဲ့ဝင်များသည် တာလီဘန်တို့၏ ထကြွမှုကို ကောင်းစွာဖိအားမပေးနိုင်ခဲ့ကြောင်း ဝေဖန်ခဲ့သည်။

ဟဲလ်မန့်ပြည်နယ်တွင်းရှိ အချက်အချာနေရာများဖြစ်သော မူစာကာလာနှင့် ဆန်ဂျင်းကဲ့သို့သော ဒေသများကို အကာအကွယ်ပေးနိုင်ရန် တပ်ဖွဲ့ဝင် အနည်းငယ်မျှသာ စေလွှတ်ခဲ့ခြင်းသည် ဗြိတိန်တပ်ဖွဲ့များ၏ နည်းဗျူဟာမှားယွင်းမှုဖြစ်ကြောင်း ဒုတိယဗိုလ်ချုပ်ကြီး ဘင်ဂျမင်ဖရိက်ခ်လေး က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

စာမတတ်သူ ဒို့ဝိုင်းကူ

ဦးသန်းဦး

စာမတတ်သူ ဒို့ဝိုင်းကူ
လူတိုင်းစာတတ်ဖို့
ဝိုင်းဝန်းကြိုးပမ်းစို့

နိုင်ငံတကာ စာတတ်မြောက်ရေးနေ့

၂၀၁၀ ခုနှစ် စက်တင်ဘာလ ၈ ရက် (ဗုဒ္ဓဟူးနေ့)သည် **"နိုင်ငံတကာ စာတတ်မြောက်ရေးနေ့"** (INTERNATIONAL LITERACY DAY) ဖြစ်သည်။

ထိုနေ့သည် ထူးခြားမွန်မြတ်သည့် ပညာရေးနေ့ထူးနေ့မြတ် တစ်ရပ်လည်း ဖြစ်ပါသည်။

ထိုနေ့တွင် နိုင်ငံတကာစာတတ်မြောက်မှု အခြေအနေနှင့် သက်ကြီးစာမတတ်မြောက်မှု အခြေအနေအရပ်ရပ်တို့ကို နိုင်ငံတကာအသိုက်အဝန်းအတွင်း ကျယ်ပြန့်စွာ တင်ပြအသိပေးရန်၊ စာတတ်မြောက်ရေးအတွက် ကြိုးပမ်းအားထုတ်မှုတွင် ထူးခြား ထူးချွန်စွာ ကြိုးပမ်းအားထုတ်ကြသည့် နိုင်ငံများမှ လူပုဂ္ဂိုလ်များ၊ လူ့အဖွဲ့အစည်းများအား ထိုက်ထိုက်တန်တန်ချီးမြှင့်ဂုဏ်ပြုရန်နှင့် ရှေ့ဆက်လက်ဆောင်ရွက်ကြရမည့် သက်ကြီးစာတတ်မြောက်မှု လုပ်ငန်းစဉ်များကို တင်ပြနှိုးဆော်တိုက်တွန်းခြင်း၊ တွန်းအားပေးခြင်းတို့ကို ပြုလုပ်ရန်ဟူသော မွန်မြတ်လေးနက်သည့် ရည်ရွယ်ချက်များဖြင့် အဆိုပါ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ကို အလေးအနက်ထား ကျင်းပခြင်း ဖြစ်ပါသည်။

နိုင်ငံတကာစာတတ်မြောက်ရေးနေ့ဆောင်ပုဒ်

နှစ်စဉ်နှစ်တိုင်း ကျင်းပသည့် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့အတွက် ဆောင်ပုဒ် (THEME) ကို ယူနက်စကို အဖွဲ့ချုပ်ကြီးက နှစ်စဉ်သတ်မှတ်ပေးလေ့ရှိပါသည်။

၂၀၀၇ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ဆောင်ပုဒ်မှာ **"ရှင်လန်းကျန်းမာ ချမ်းမြေ့သော စာတတ်မြောက်ခြင်းက သော့ချက်ပါ"** ဟူ၍ ဖြစ်ပြီး ၂၀၀၈ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ ဆောင်ပုဒ်မှာ **"စာတတ်မြောက်ရေးနှင့် ကူးစက်ရောဂါ ကာကွယ်စောင့်ရှောက်ကုသရေး၊ တွဲယှဉ်ဆောင်ရွက်ပေး"** ဟူ၍ ဖြစ်ပါသည်။

၂၀၀၉ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ ကြွေးကြော်သံ (SLOGAN) ကို **"စာတတ်မြောက်မှုစွမ်းအား အလေးထား"** (2009 The Power of Literacy) ဟူ၍ သတ်မှတ်ခဲ့ပြီး ၂၀၀၉ ခုနှစ်နှင့် ၂၀၁၀ ခုနှစ် နှစ်နှစ်အတွက် တစ်ကြိမ် သတ်မှတ်ပေးသည့် ဆောင်ပုဒ်မှာ **"လူသားစွမ်းရည် (စွမ်းအား) မြင့်မားဖို့ စာတတ်မြောက်ရေး အားပေးစို့"** (LITERACY AND EMPOWERMENT) ဟူ၍ ဖြစ်ပါသည်။ ဆောင်ပုဒ်၏ အနက်သဘောအဓိပ္ပာယ်မှာ **"စာတတ်မြောက်မှု"**သည်-

(က) စာတတ်မြောက်မှုဖြင့် လူ့အဖွဲ့အစည်း၌ ပါဝင်ဆောင်ရွက်နိုင်မှု စွမ်းအား
(ခ) နိုင်ငံသားအဖြစ် ထိရောက်စွာ ပါဝင်ဆောင်ရွက်နိုင်မှု စွမ်းအား
(ဂ) လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ပါဝင်ဆောင်ရွက်နိုင်မှု စွမ်းအား သုံးရပ်ဖြင့် မုချဖြည့်ဆည်း ဖော်ဆောင်ပေးနိုင်စွမ်း ရရှိလာစေမည် ဖြစ်ပေသည်။

စာတတ်မြောက်ရေးနေ့၏ နောက်ခံသမိုင်း

လွန်ခဲ့သော ၄၅ နှစ် (ဆယ်စုနှစ်လေးစုကျော်) ၁၉၆၅ ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့က အီရန်နိုင်ငံ တီဟီရန်မြို့၌ **"ကမ္ဘာ့စာတတ်မြောက်ရေးကွန်ဂရက်"** (A WORLD LITERACY CONGRESS) တစ်ရပ်ကို ၁၂ ရက်တိုင်တိုင် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။

ထိုသို့ ကမ္ဘာ့စာတတ်မြောက်ရေးကွန်ဂရက် စတင်ကျင်းပခဲ့သည့် စက်တင်ဘာလ ၈ ရက်နေ့ကို အကြောင်းပြု၍ အထိမ်းအမှတ်အဖြစ် ၁၉၆၅ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်နေ့တွင် ယူနက်စကိုအဖွဲ့ချုပ်ကြီးက နှစ်စဉ်နှစ်တိုင်း ကျရောက်သည့် စက်တင်ဘာလ ၈ ရက်နေ့ကို နိုင်ငံတကာစာတတ်မြောက်ရေးနေ့အဖြစ် အညီအညွတ် သတ်မှတ်ပြဋ္ဌာန်းပေးခဲ့ခြင်း ဖြစ်ပေသည်။ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ကို ၁၉၆၆ ခုနှစ်တွင် ပထမအကြိမ်အဖြစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ ကျင်းပဖြစ်ခဲ့ကြောင်း လေ့လာတွေ့ရှိ မှတ်သားထားရပါသည်။ သို့ဖြစ်၍ ၂၀၁၀ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့သည် (၄၄)ကြိမ်မြောက်နေ့ ဖြစ်လာပါသည်။

နိုင်ငံတကာစာတတ်မြောက်ရေးအတွက် တွန်းအားပေးသောအနေဖြင့် ကုလသမဂ္ဂအထွေထွေညီလာခံကြီးက ၁၉၉၀ ပြည့်နှစ်ကို **"နိုင်ငံတကာ စာတတ်မြောက်ရေးနှစ်"**အဖြစ် သတ်မှတ်ပေးခဲ့ပါသည်။ ထိုကဲ့သို့ အထူးနှစ်သတ်မှတ်ဆောင်ရွက်စေခြင်းသည် ကမ္ဘာ့လူ့အဖွဲ့အစည်းတွင် စာတတ်မြောက်ရေးကို ပုဂ္ဂိုလ်ရေးတိုးတက်မှုနှင့် နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုတို့၏ သော့ချက်အဖြစ် မီးမောင်းထိုးပြရာလည်း ရောက်ပါသည်။

ကုလသမဂ္ဂစာတတ်မြောက်ရေးဆယ်စုနှစ်
(UNITED NATIONS LITERACY DECADE)

လူတိုင်းအတွက်ပညာရေး (၁၉၉၀) (EDUCATION FOR ALL) အစီအစဉ်အရ ဆောင်ရွက်ကြရာ၌ လူတိုင်းစာတတ်မြောက်ရေးသည် လူတိုင်းအတွက် ပညာရေး၏ **"ဗဟိုချက်မ"** သဖွယ်ဖြစ်သည်။ (LITERACY IS THE CENTRE OF EDUCATION FOR ALL) ဟူသော ခိုင်မြဲသည့် ခံယူချက်ဖြင့် ထိရောက်အောင်မြင်ပေါက်မြောက်အောင် ဆောင်ရွက်ကြရန် လိုအပ်လာသည့်အလျောက် ၂၀၀၁ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် ကျင်းပသော ကုလသမဂ္ဂအထွေထွေညီလာခံကြီးက ဆုံးဖြတ်ချက် (၅၆/၁၁၆) ဖြင့် ၂၀၀၃ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ဆယ်စုနှစ်ကို **"ကုလသမဂ္ဂစာတတ်မြောက်ရေးဆယ်စုနှစ်"**(A UNITED NATIONS LITERACY DECADE) အဖြစ် တညီတညွတ်တည်း ဆုံးဖြတ်သတ်မှတ်ဆောင်ရွက်စေလျက် ရှိပါသည်။

ထိုသို့ သတ်မှတ်ထားသည့် ဆယ်စုနှစ်အတွင်း ယခုနှစ် ၂၀၁၀ ခုနှစ်သည် (၈) နှစ်မြောက်နှစ်အဖြစ် ပါဝင်နေပါသည်။ သို့ဖြစ်၍ မူလသတ်မှတ်လျာထားသည့် ဆယ်စုနှစ်အတွင်း စာတတ်မြောက်ရေးရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်အောင်၊ ထိထိရောက်ရောက်လည်း ဆောင်ရွက်နိုင်အောင် ကျွန်ုပ်တို့အလေးထား ကြိုးပမ်းဆောင်ရွက်သွားကြရမည်သာ ဖြစ်ပါသည်။

နိုင်ငံတကာစာတတ်မြောက်မှုအခြေအနေ

နိုင်ငံတကာစာတတ်မြောက်မှုအခြေအနေကို အချုပ်သဘောအားဖြင့် ဆွေးနွေးတင်ပြလိုပါသည်။ လေ့လာရရှိသော စာရင်းအင်းအထောက်အထားများအရ ယနေ့ကမ္ဘာပေါ်တွင် စာတတ်မြောက်သူဟု သတ်မှတ်ထားသော လူဦးရေမှာ သန်းပေါင်းလေးထောင် (There are nearly four Billion Literate People in the World) ဖြစ်သည်။ အနိမ့်ဆုံး စာတတ်မြောက်မှုစွမ်းရည် (The minimum Literacy Skills) (စာဖတ်၊ စာရေး တွက်ချက်တတ်မှုစွမ်းရည်) မရှိသေးသည့် ကမ္ဘာ့လူဦးရေမှာ ၇၇၆ သန်းခန့်မျှ ဖြစ်သည်။ (စာမတတ်သူဦးရေ ဖြစ်ပါသည်။) အဆိုပါ စာမတတ်သူ ၇၇၆ သန်းအနက် ၇၅၉ သန်းသည် စာမတတ်သူ အမျိုးသမီးဦးရေ ဖြစ်နေပါသည်။ ယနေ့ကလေးသူငယ် ၇၅ သန်းသည်လည်း စာသင်ကျောင်းပြင်ပ၌ ကျောင်းမနေဖြစ်ကြသေးပါ။ ကလေးသူငယ်များစွာသည် ကျောင်းမှန်မှန်မတက်၊ တစ်ဝက်တစ်ပျက်နှင့် ကျောင်းထွက်သွားကြသည်။ နိုင်ငံ ၃၅ နိုင်ငံလောက်သည် စာတတ်မြောက်မှု ၅၀ ရာခိုင်နှုန်းထက် နည်းပါသည်။ ကမ္ဘာ့စာမတတ်သူ ၈၅ ရာခိုင်နှုန်းသည် ထိုသို့သော နိုင်ငံများတွင် နေထိုင်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ မူလရည်မှန်းချက်များ ပေါက်မြောက်အောင် ဤဆယ်စုနှစ်ကာလအတွင်း ကျန်ရှိနေသည့် လာမည့်နှစ်နှစ်အတွင်း အထူးအလေးထားကာ စီမံဆောင်ရွက်သွားကြမည်သာ ဖြစ်ပါသည်။

စာတတ်မြောက်ရေးနေ့တွင် ချီးမြှင့်သည့်ဆုများ

၂၀၁၀ ခုနှစ် စက်တင်ဘာလ ၈ ရက် (ဗုဒ္ဓဟူးနေ့)တွင် ပြင်သစ်နိုင်ငံ ပါရီမြို့ ယူနက်စကိုအဖွဲ့ချုပ်ကြီး၌ ယူနက်စကိုနိုင်ငံတကာစာတတ်မြောက်ရေးဆုများ (The Unesco International Literacy Prizes) ကို ချီးမြှင့်ပေးအပ်မည်ဖြစ်ပါသည်။

နိုင်ငံတကာ ခုံသမာဓိအဖွဲ့ (An International Jury) က နှစ်အလိုက် သတ်မှတ်ထားသော နိုင်ငံတကာစာတတ်မြောက်ရေးနေ့ဆောင်ပုဒ်၊ အာဘော်များနှင့်အညီ ထူးခြားထူးချွန်ပြောင်မြောက်စွာ ဆောင်ရွက်ခဲ့ကြသည့် နိုင်ငံများမှ ပုဂ္ဂိုလ်များ(သို့မဟုတ်) အဖွဲ့အစည်းများကို ရွေးချယ်၍ ထိုက်ထိုက်တန်တန်ဆုများ ချီးမြှင့်ပေးအပ်ခြင်း ဖြစ်ပါသည်။

၂၀၁၀ ခုနှစ်အတွက် **"နိုင်ငံတကာစာတတ်မြောက်ရေးဆုများ"** (International Literacy Prizes) အဖြစ်

(က) The Unesco King Sejong Literacy Prize
(ခ) The Unesco Confucius Prize for Literacy

တို့ကို ပေးအပ်ချီးမြှင့်မည် ဖြစ်ပါသည်။

ပေးအပ်ချီးမြှင့်သည့် ဆုအသီးသီးသည် တန်ဖိုးအားဖြင့် ယူအက်စ်ဒေါ်လာ ၂၀၀၀၀(အမေရိကန်ဒေါ်လာ နှစ်သောင်း)ဖြစ်ပါသည်။ ထိုချီးမြှင့်ငွေနှင့်အတူ တံဆိပ် (a medal) တစ်ခုနှင့် ဂုဏ်ပြုလွှာ (a Diploma) တို့လည်း ပါရှိပါသည်။

(က) The Unesco King Sejong Literacy Prize ၏ အလှူရှင်နိုင်ငံမှာ ကိုရီးယားသမ္မတနိုင်ငံ(တောင်ကိုရီးယား)ဖြစ်ပါသည်။ ဆုနှစ်ဆုချီးမြှင့်ပါသည်။ တစ်ဆုကို တီထွင်ဆောင်ရွက်မှုပရောဂျက်တို့အတွက် Cape Verde မှ General Directorate of Adult Training က ၁၉၇၄ ခုနှစ်မှ ၂၀၀၅ ခုနှစ်အတွင်း စာမတတ်မှု ၆၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ လျှော့ချဆောင်ရွက်နိုင်မှုအတွက် ရရှိသွားပါသည်။ အခြားဆုတစ်ဆုကို ဂျာမနီနိုင်ငံ ဟင်ဘတ်မြို့မှ State Institute For Teacher Training and School Development အဖွဲ့အစည်းအား Family Literacy Project ဆောင်ရွက်ပေးမှုအတွက် ပေးအပ်ချီးမြှင့်ခြင်း ဖြစ်ပါသည်။

(ခ) The Unesco Confucius prize for Literacy ဆု၏ အလှူရှင်နိုင်ငံမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဖြစ်ပါသည်။ နီပေါနိုင်ငံမှ The Non-Formal Education Centre အဖွဲ့အစည်းက ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ မိခင်နှင့်ကလေး ကျန်းမာရေး၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး၊ ဝင်ငွေတိုးလုပ်ငန်းပရောဂျက်နှင့် စာတတ်မြောက်ရေးတို့ကို ဆက်နွှယ်ဆောင်ရွက်ကြိုးပမ်းမှုအတွက် ဆုတစ်ဆုရရှိခြင်းဖြစ်ပါသည်။ အီဂျစ်နိုင်ငံမှ The Governorate of Ismailia အဖွဲ့အစည်းက ကျေးရွာအမျိုးသမီးငယ်များအား လေ့ကျင့်ပျိုးထောင်ပေးမှုနှင့် စာတတ်မြောက်ရေးကို ဆက်နွှယ်ဆောင်ရွက်ကြိုးပမ်းမှုတို့အတွက် အခြားဆုတစ်ဆုကို ရရှိသွားခြင်း ဖြစ်ပါသည်။

အထက်ဖော်ပြပါ စာတတ်မြောက်ရေးဆုများ ပေးအပ်ချီးမြှင့်ခြင်းတို့အပြင် ၂၀၁၀ ခုနှစ်အတွက် ကျက်သရေဆောင် ဂုဏ်ပြုဖော်ပြချက်နှစ်ရပ်

(The Honourable Mention) အနေဖြင့် (က) Colombia နိုင်ငံမှ ဆောင်ရွက်သည့် စာတတ်မြောက်ရေးအစီအစဉ်နှင့် (ခ) Malawi နိုင်ငံမှ ဆောင်ရွက်သည့် စာတတ်မြောက်ရေး ပရောဂျက်ဆောင်ရွက်မှုအသီးသီးတို့အတွက် ချီးမြှင့်ဖော်ပြခြင်းလည်း ဖြစ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်-မြန်မာနိုင်ငံစာတတ်မြောက်ရေး ဗဟိုကော်မတီသည် ယူနက်စကိုအဖွဲ့ချုပ်ကြီးက နိုင်ငံတကာစာတတ်မြောက်ရေးနေ့တွင် ပေးအပ်ချီးမြှင့်သည့် နိုင်ငံတကာစာတတ်မြောက်ရေးဆုကို ၁၉၇၁ ခုနှစ်နှင့် ၁၉၈၃ ခုနှစ်များတွင် ထိုက်ထိုက်တန်တန် ပေးအပ်ချီးမြှင့်ခြင်းကို ခံယူရရှိခဲ့ပြီး ဖြစ်ပါသည်။

မြန်မာနိုင်ငံစာတတ်မြောက်မှုအခြေအနေ

၁၉၄၈ ခုနှစ်သူ့ကျွန်ဘဝမှ လွတ်မြောက်လာခဲ့သည့်ကာလမှ အစပြု၍ ပြည်ထောင်စုမြန်မာနိုင်ငံတွင် နိုင်ငံသူနိုင်ငံသားတို့၏ အင်အားဖြင့် စာတတ်မြောက်ရေးအတွက် ဝါယမစိုက်ထုတ် အစဉ်တစိုက် ကြိုးကုတ်အားထုတ်ဆောင်ရွက်လာခဲ့မှုအရပ်ရပ်တို့ကြောင့် နှစ်ဆယ်ရာစု ၂၀၀၀ ပြည့်နှစ်တွင် စာတတ်မြောက်မှု ၉၁ ရာခိုင်နှုန်းအထိ တက်လှမ်းလာနိုင်ခဲ့ပါသည်။

သုံးထောင်စုသို့ တက်လှမ်းသည့် နှစ်ဆယ့်တစ်ရာစု၏ အခြေခံနှစ်ဖြစ်သော အဆိုပါ ၂၀၀၀ ပြည့်နှစ်တွင် ဖော်ပြပါ စာတတ်မြောက်မှု ရာခိုင်နှုန်း ၉၁ မှ အဆင့်ဆင့်တိုးမြှင့်တက်လှမ်းရန် ဆက်လက်ကြိုးပမ်းအားထုတ်ခဲ့ရာ၌ အမျိုးသားပညာရည်မြင့်မားရေး ဦးတည်ချက်နှင့်အညီ ပညာရေးအထူးလေးနှစ်စီမံကိန်း၊ ပညာရေးနှစ်ရှည် နှစ်(၃၀)စီမံကိန်းတို့အရ ကျောင်းပြင်ပ ပညာရေးအစီအစဉ်ဖြင့် လူတိုင်းစာတတ်မြောက်လာစေရေးသို့ ရှေးရှုကြိုးပမ်းမှုတို့ကြောင့် ၂၀၁၀ ခုနှစ်တွင် မြန်မာနိုင်ငံ စာတတ်မြောက်မှုနှုန်းသည် ၉၄ ဒသမ ၉၅ ရာခိုင်နှုန်းသို့ပင် တိုးမြှင့်တက်လှမ်းလာနိုင်ကြောင်း ရရှိသော စာရင်းအင်းအထောက်အထားများအရ လေ့လာသိရှိမှတ်သားရပါသည်။

အဆိုပါ ကျောင်းပြင်ပ ပညာရေးအောက်တွင် စာတတ်မြောက်ရေးနှင့် စဉ်ဆက်ပညာရေးအစီအစဉ်တို့အရ စာမတတ်သေးသူများအား စာတတ်မြောက်လာစေရေး၊ စာတတ်မြောက်လာသူများအား စာဖတ်ရှိန်မြှင့်တင်ပေးရေး၊ အခြေအနေပေးသည့် ရပ်၊ ကျေးတို့တွင် ရပ်ရွာပညာပဒေသာဌာနများကို တည်ထောင်ဖွင့်လှစ်ပေးခြင်း စသည့် စသည့် ကြိုးပမ်းမှုအရပ်ရပ်တို့ဖြင့် ဆက်လက်ကြိုးကုတ် အားထုတ်ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ထို့ပြင် စာတတ်သူများအား စာဖတ်ဖြစ်စေရေး၊ ပညာဗဟုသုတကြွယ်ဝတိုးပွား၊ အသိအမြင်များ တိုးတက်လာစေရေးသို့ ရှေးရှု၍ ပြန်ကြားရေးဝန်ကြီးဌာနအောက်တွင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ပေါင်း ၅၅၇၅၅ ဖွင့်လှစ်၍ စာဖတ်ရှိန်မြှင့်တင်ပေးလျက်ရှိခြင်း၊ စံ(၅)ရပ်ပြည့်မီညီညွတ်အောင် ထူထောင်ပြီးသည့်စာကြည့်တိုက်ပေါင်း ၂၉၁၈၅ ရှိလာပြီဖြစ်၍ နိုင်ငံတစ်ဝန်းလုံး နယ်စပ်ဒေသပါမကျန် စာဖတ်ရှိန်မြှင့်တင်ပေးလျက်ရှိခြင်းတို့ကြောင့် လူတစ်ဦးချင်း၏ ဘဝရော နိုင်ငံတော်ပါ ဖွံ့ဖြိုးတိုးတက်လာရန် ယခုအခါ ကြိုးပမ်းတက်လှမ်းလျက် ရှိနေပါသည်။

ညီညာဖြုဖြုဝိုင်းဝန်းဆောင်ရွက်ကြ

အချုပ်အားဖြင့် လူတိုင်းစာတတ်မြောက်လာစေရေးအတွက် လူတိုင်းလူတိုင်းအနေဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ **စာမတတ်သူဒို့ဝိုင်းကူ၊ လူတိုင်းစာတတ်မြောက်ဖို့ ဝိုင်းဝန်းဆောင်ရွက်စို့** ဟူသော သန္နိဋ္ဌာန်ဖြင့်သာ ညီညာဖြုဖြုဝိုင်းဝန်းလက်တွဲ၊ ဆင်နွှဲကြိုးပမ်းအားထုတ်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများနှင့် အောင်ချက်အကောင်းဆုံး ကျောင်းများ ဂုဏ်ပြုချီးမြှင့်ပွဲတက်ရောက်

ရန်ကုန် စက်တင်ဘာ ၁

တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများနှင့် အောင်ချက်အကောင်းဆုံးကျောင်းများအား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် စမ်းချောင်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း တက်ရောက်သည်။

အဆိုပါ အခမ်းအနားသို့ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ်၊ အမှတ်(၃)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ကြသည်။

အစီအစဉ်အရ တိုင်းမှူးက အမှာစကားပြောကြားပြီး တာဝန်ရှိသူတစ်ဦးက ဆုချီးမြှင့်ပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူးက ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများနှင့် အောင်ချက်အကောင်းဆုံး ကျောင်းများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တာဝန်ရှိသူတို့က ထူးခြားစွာအောင်ချက်ရာခိုင်နှုန်းမြင့်တက်လာသော အခြေခံပညာ အထက်တန်းကျောင်းများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံး ကျောင်းများအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။
(သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ ဘူးသီးတောင်မြို့ရှိ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။
(ပို့ဆောင်ရေး)

ဝန်ကြီး ဦးသိန်းဆွေ ရခိုင်ပြည်နယ် ဘူးသီးတောင်နှင့် စစ်တွေမြို့တို့ရှိ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေသည် ဩဂုတ် ၃၀ ရက် နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့သို့ ရောက်ရှိပြီး ဘူးသီးတောင်မြို့ရှိ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး မြို့နယ်မန်နေဂျာရုံးနှင့် ဆိပ်ကမ်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ဘူးသီးတောင်မှ ရသေ့တောင်၊ စစ်တွေမြို့သို့ လိုက်ပါကြမည့် ခရီးသည်များအား လက်မှတ်ရောင်းချနေမှု၊ ဘူးသီးတောင်-စစ်တွေ ပြေးဆွဲနေသည့် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးပိုင် ခရီးသည်တင်ရေယာဉ်၌ ခရီးသည်များ လိုက်ပါစီးနင်းမှု၊ ဘူးသီးတောင်- ရသေ့တောင်-စစ်တွေ ရေလမ်းကြောင်းအခြေအနေ၊ မေယုမြစ် ရေလမ်းကြောင်းအခြေအနေ၊ ရသေ့တောင်မြို့အဝင် ရေလမ်းကြောင်းနှင့် ဆိပ်ကမ်းအခြေအနေ၊ ရသေ့တောင်မှ စစ်တွေမြို့သို့ ခရီးသည်များ လိုက်ပါစီးနင်းမှုနှင့် မင်းချောင်းတံတားအနီး ရေလမ်းကြောင်းအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာသွားလာနိုင်ရေးအတွက် ဝန်ဆောင်မှု အကောင်းဆုံးဖြစ်အောင် လုပ်ကိုင်ကြရေး၊ ဆက်ဆံရေးကောင်းမွန်ရေး၊ ရေယာဉ်များ သန့်ရှင်းရေး၊ ရေယာဉ်လုံခြုံမှု အစဉ်သတိပြုရေး၊ ရေယာဉ်များ ဝင်ချိန်/ထွက်ချိန် မှန်ကန်ရေး၊ ဝင်ငွေတိုးတက်ရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများက စနစ်တကျ ကြပ်မတ်ဆောင်ရွက်ရေး၊ နိုင်ငံတော်က အားထားရသော နိုင်ငံ့ဝန်ထမ်းကောင်းများ ဖြစ်အောင် စနစ်တကျ လုပ်ကိုင်ကြရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျောက်တန်းမြို့နယ်၌ (YMBA) အသင်းခွဲ ဖွဲ့စည်း

ရန်ကုန် စက်တင်ဘာ ၁

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်၌ YMBA အသင်းခွဲတိုးချဲ့ဖွဲ့စည်းခြင်း အခမ်းအနားကို ကျောက်တန်းမြို့နယ် ဆင်ကန်ရပ်ကွက်ရှိ ဉာဏသိဒ္ဓိ နှစ်ထပ်ကျောင်းဆောင်သစ်ခန်းမ၌ ဩဂုတ် ၃၀ ရက် နံနက်က ကျင်းပသည်။

ဦးစွာသဘာပတိအသင်းဥက္ကဋ္ဌ ဦးတင်ဝင်းက အဖွင့်စကားပြောကြားပြီး ကျောက်တန်းမြို့နယ် YMBA အသင်းခွဲဥက္ကဋ္ဌသို့ ခန့်အပ်လွှာပြန်တမ်း၊ အသင်းသားစိစစ်ရေးကတ်များကို လွှဲပြောင်းပေးအပ်သည်။ ကျောက်တန်းမြို့နယ် YMBA အသင်းခွဲတွင် ဥက္ကဋ္ဌအဖြစ် ဦးချစ်စိန် မြို့မတိုက်နယ်၊ အတွင်းရေးမှူး ဦးဝင်းညွန့် မြို့နယ်တိုက်နယ်နှင့် ဘဏ္ဍာရေးမှူးဦးဝင်းခိုင် မြို့မတိုက်နယ်တို့ ပါဝင်သောအမှုဆောင် ၂၁ ဦးဖြင့် ဖွဲ့စည်းပေးခဲ့သည်။

ထို့နောက် ကျောက်တန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌကိုယ်စား အတွင်းရေးမှူး ဒေါ်ခင်မမနှင့် မြို့နယ်ပညာရေးမှူးကိုယ်စား မြို့နယ်လက်ထောက် ပညာရေးမှူး ဆရာဦးတင်သောင်းတို့က အသီးသီးအမှာစကား ပြန်လည်ပြောကြားကြပြီး သဘာပတိ ရန်ကုန်မြို့ YMBA အသင်းဥက္ကဋ္ဌ ဦးတင်ဝင်းက နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

Boneal ဒဏ်ကြေဆေး EMP Co.,Ltd. မှ တင်သွင်းဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၁

တရုတ်ပြည်တွင် နာမည်ကျော်ကြားသည့် Boneal အကြောဖြေ ဒဏ်ကြေလိမ်းဆေးကို Excellence Medicare & Pharmaceutical Co.,Ltd. (EMP) က မြန်မာနိုင်ငံအတွင်း တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် တင်သွင်းဖြန့်ချိလျက်ရှိသည်။

အဆိုပါ ဒဏ်ကြေလိမ်းဆေးသည် အကြောရောဂါအမျိုးမျိုးကြောင့် ဖြစ်သောရောဂါများ၊ ပခုံးကပ်ခြင်း၊ ဒူးနာခြင်း၊ ခါးနာခြင်း၊ ဒူးကိုက်ခြင်း၊ လေးဖက်နာရောဂါ၊ လေငန်းရောဂါအမျိုးမျိုး၊ ခေါင်းကိုက်ခြင်း၊ အုံးလွဲ၊ ဇက်ကြောတက်၊ အကြောရောင်ခြင်း၊ ကြွက်တက်ခြင်း၊ အဆစ်အမြစ်ကိုက်ခြင်း၊ ထုံကျဉ်ကိုက်ခဲသော ရောဂါဝေဒနာရှင်များအတွက် Boneal ဆေးကို တစ်နေ့တစ်ကြိမ်လိမ်းပေးခြင်း(သို့မဟုတ်) ဆေးညွှန်းအတိုင်း အသုံးပြုပါက မိနစ် ၃၀ အတွင်း တဖြည်းဖြည်းပူနွေးလာပြီး အရေပြားအတွင်း ခံစားရသော ဝေဒနာများကို သက်သာပျောက်ကင်းစေသည်။ အသားအတွင်း စိမ့်ဝင်နိုင်စွမ်းရှိသည့် အကြောဖြေ ဒဏ်ကြေလိမ်းဆေးဖြစ်သည်။

အဆိုပါဆေးသည် အစွမ်းထက်သော တရုတ်တိုင်းရင်းဆေးများဖြင့် စနစ်တကျ ဖော်စပ်ထားသဖြင့် သုံးစွဲပါက ခံစားရသော ဝေဒနာများ သက်သာပျောက်ကင်းစေသည်။ ဘေးအန္တရာယ်ဖြစ်စေသော ဓာတုဗေဒဆေးဝါးများနှင့် တိရစ္ဆာန်အဆီများ လုံးဝမပါဝင်။ ဆေးဘူးအတွင်း ပါရှိသော ဂွမ်းချပ်ပေါ်တွင် ဆေးရည်များ ပျံ့နှံ့စွာစွတ်စိုစေပြီး နာကျင်နေသော နေရာတွင် ကပ်ထားပါက ရောဂါပိုမိုသက်သာပျောက်ကင်းသည်။ နာကျင်နေသော အကြောများကို ပုံမှန်အတိုင်း ကောင်းမွန်စေသည့်အပြင် အကြောများကိုပါ ပြေလျော့စေနိုင်သဖြင့် အညောင်းထိုင်သူများ၊ အားကစားသမားများနှင့် အသက်အရွယ်ကြီးရင့်သူများအတွက် သုံးစွဲရန် အမြဲဆောင်ထားသင့်သော ဆေးစွမ်းကောင်းဖြစ်သည်။

အဆိုပါဆေးကို Excellence Medicare & Pharmaceutical Co., Ltd. (EMP)အမှတ်(၂၂၂) ဗိုလ်မြတ်ထွန်းလမ်း ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၉၆၉၉၅၊ ၂၉၁၈၃၉နှင့် ၂၀၃၀၀၈ တို့သို့ ဆက်သွယ်မှာယူပါက အိမ်တိုင်ရာရောက် ပို့ဆောင်ပေးမည်ဖြစ်ကြောင်း အမြို့မြို့အနယ်နယ်ရှိ ဆေးဆိုင်များတွင်လည်း ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ)သို့ ရန်ကုန်မြို့ အင်းလျားလမ်းနေ ဒေါ်တင်မူသွယ်နှင့် မြေး ပိုးဝတ်ရည်အောင်ကြီးတို့က အဘွားဒေါ်တင်မူသွယ်၏ (၈၈)နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အဖြစ် အလှူငွေကျပ်သုံးသိန်းကို အဆိုပါ နေအိမ်တွင် ပေးအပ်လှူဒါန်းရာ ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများ လက်ခံရယူစဉ်။
(ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂-၉-၂၀၁၀ (ကြာသပတေးနေ့)
[၁၃၇၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၈) ရက်၊ (ဥပုသ်နေ့)]

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈း၁၀ ၇။ တေးဂီတအစီအစဉ်
၈း၂၅ ၈။ အကပဒေသာ
၈း၃၅ ၉။ International News
၈း၄၀ ၁၀။ Islands of Dhamma
၈း၄၅ ၁၁။ ဘဒ္ဒန္တပဏ္ဍဝံသ (မဂ္ဂအဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဒုတိယဥက္ကဋ္ဌဆရာတော် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့၊ မြစည်းခုံစာသင်တိုက်၊ တောင်ငူမြို့၊ ပဲခူးတိုင်းဒေသကြီးထံမှ နဝင်္ဂဥပေါသထသီလခံယူဆောက်တည်ခြင်း။
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၃း၃၀ ၁။ Myanmar National League MNL (2010) ဘောလုံးပြိုင်ပွဲထုတ်လွှင့်မှု အစီအစဉ် (ဇွဲကပင်ယူနိုက်တက် F.Cနှင့် ဥဿာယူနိုက်တက် F.C)
၅း၀၀ ၂။ တေးဂီတအစီအစဉ်
၅း၁၀ ၃။ ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန၊ စတုတ္ထအကြိမ်မြောက်ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ (တတိယဆု) (အထက-၂ ဒဂုံ) (အမျိုးသမီးဝတ်ရွတ်အဖွဲ့)
၅း၃၅ ၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၄၀ ၅။ "ကြည်ညိုဦးခိုက်ဖူးလိုက်စို့တူပျော် မကွေးမြသလွန်စေတီတော်"
၆း၀၀ ၆။ ညနေခင်းသတင်း
၆း၁၅ ၇။ မိုးလေဝသအခြေအနေ
၆း၂၀ ၈။ **ပျော်ရွှင်စေသောနေ့ရက်များ "အချစ်ကော်ဖီ" (အပိုင်း-၂၁) (ငြိမ်းချမ်း၊ ညီထက်၊ နန်းဆုရတီစိုး၊ ယုဇနဗိုလ်မြင့်) (ဒါရိုက်တာ- အောင်ကျော်သူရ)**
၆း၃၅ ၉။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
၇း၀၀ ၁၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဆူးလွှမ်းသောချစ်နှင်းဆီ" (ဒုတိယတွဲ) (အပိုင်း-၃၀)**
၈း၀၀ ၁၁။ ပြည်တွင်းသတင်း
၁၂။ နိုင်ငံတကာသတင်းများ
၁၃။ မိုးလေဝသအခြေအနေ
၁၄။ **စည်းလုံးတဲ့မြေ (စန္ဒရားမောင်လှအေးနှင့်အဖွဲ့၊ တေးရေး-မောင်သဲကြည်- မအူပင်)**
၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့နယ်နိမိတ်" (အပိုင်း-၁၇)**
၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်တေးသံသာ" (အပိုင်း-၇၄)**
၁၇။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း
၁၈။ အစီအစဉ်ပြီး၏။

သွေးလွန်တုပ်ကွေးရောဂါ စုပေါင်းကာကွယ်

ရေစကြို စက်တင်ဘာ ၁

ပခုက္ကူခရိုင် ရေစကြိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် အမှတ်(၇) နယ်မြေငါးရာပြည့်ရပ်ကွက် ဆက်သွယ်ရေးလမ်းနှင့် အာသောကလမ်းတွင် ဩဂုတ် ၂၇ ရက် နံနက်က ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးနှင့် မြို့သန့်ရှင်း သာယာလှပရေး၊ ခြင်အန္တရာယ်ကင်းရှင်းရေးအတွက် ခြင်ဆေးဖျန်းခြင်း၊ ချုံပုတ်၊ မြက်ပင်၊ ပေါင်းပင်နှင့် အမှိုက်သရိုက်များ ရှင်းလင်းခြင်းကို စုပေါင်းဆောင်ရွက်ခဲ့ကြသည်။ (၃၇၄)

အမှာစကား ပြောကြား

အမှတ်(၁၁) ခြေမြန်တပ်မဌာန ချုပ် တပ်မမှူးက အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ် တပ်မမှူးဒိုင်း မိုးရာသီ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်း အနားတွင် အမှာစကားပြောကြား စဉ်။

(သတင်းစဉ်)

အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ် တပ်မမှူးဒိုင်း မိုးရာသီဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁

အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ် တပ်မမှူးဒိုင်း မိုးရာသီဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရဲမွန်တပ်မြို့ ဘောလုံးကွင်း၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်း/တပ်ဖွဲ့မှူးများ၊ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များနှင့် မိသားစုများ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ရှေးဦးစွာ ဘောလုံးပြိုင်ပွဲတွင် ပါဝင်ဆင်နွှဲကြမည့် ဘောလုံးအသင်းများ သတ်မှတ်နေရာတွင် နေရာယူကြပြီး အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ် တပ်မမှူးက အဖွင့်အမှာစကားပြောကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ဖွင့်ပွဲနေ့ ပွဲဦးထွက်ပွဲစဉ် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။ ယင်းပြိုင်ပွဲတွင် ဘောလုံးအသင်း ၁၀ သင်း ပါဝင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြည့်ရှုအားပေး

အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ် တပ်မမှူးနှင့် တပ်မတော်အရာရှိကြီးများ၊ တပ်ရင်း/တပ်ဖွဲ့မှူးများ၊ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များနှင့် မိသားစုများ အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ် တပ်မမှူးဒိုင်း မိုးရာသီ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲနေ့ ပွဲဦးထွက်ပွဲစဉ် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

အနောက်တိုင်းဆေး ရောနှောပြီး မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးဖြစ်၍ အများပြည်သူ သုံးစွဲရန် မသင့်ကြောင်း

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျ စစ်ဆေးလျက်ရှိပါသည်။

၂။ ယင်းသို့ စစ်ဆေးရာတွင် ဈေးကွက်အတွင်း ရောင်းချလျက်ရှိသော အောက်ဖော်ပြပါ တိုင်းရင်းဆေးဝါးများသည် တိုင်းရင်းဆေးဝါး မှတ်ပုံတင်ထားခြင်း မရှိသည့်အပြင် ဘေးဥပဒ်ဖြစ်စေသော အနောက်တိုင်းဆေးဝါး ရောနှောထားသည့် တိုင်းရင်းဆေးဝါးများဖြစ်၍ စစ်မှန်အစွမ်းထက်မှုကို အာမခံချက် မပေးနိုင်သည့် ဆေးဝါးများဖြစ်ကြောင်း၊ အများပြည်သူ သုံးစွဲရန် မသင့်လျော်ကြောင်း အသိပေးအပ်ပါသည်။

စဉ်	ဆေးဝါးအမည်	ထုတ်လုပ်ဖြန့်ချိဌာန	မှတ်ချက်
၁။	Top နားသန့်ဆေးရည်	ဆိုင်အမှတ် (၄၆/၄၈)၊သဇင်(E)ရုံ၊ မြေညီထပ်၊ အဆင့်မြင့်ဈေးချို၊ မန္တလေး။	မှတ်ပုံတင်မရှိ
၂။	ဦးသိန်းထွန်း၊ လုပ်သားဆေးနီကျော်	အမှတ်(၇၁)၊ ပန်းဘဲတန်းရပ်၊ ဟင်္သာတမြို့	သက်တမ်းလွန်
၃။	နှင်းဆီဖြူ သွားကိုက်သွားနာ ခံတွင်းသန့်ဆေး	အမှတ်(၇၈၆/ခ)၊ ဗညားဒလလမ်း၊ (၁၈)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။	မှတ်ပုံတင်မရှိ
၄။	ဆရာဒေါင်း ပန်းနာရင်ကျပ် သောက်ဆေး	အမှတ်(၃၃)၊ ဇီဇဝါလမ်း၊ ရေကျော်၊ ရန်ကုန်မြို့။	အနောက်တိုင်းဆေးဝါးရော
၅။	ဆေးသုခ ပန်းနာရင်ကျပ်ပျောက်ဆေး	အမှတ်(၂၅)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဖျာပုံမြို့။	အနောက်တိုင်းဆေးဝါးရော
၆။	ရွှေဂဲ အကိုက်အခဲပျောက်ဆေး	ရွှေပုဇွန်ဆေးဝါးထုတ်လုပ်ရေး အမှတ်(၂၈)၊ (၂၃)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။	အနောက်တိုင်းဆေးဝါးရော မှတ်ပုံတင်မရှိ
၇။	ရောင်နီဝါ အကိုက်အခဲပျောက်ဆေး	လိပ်စာမပါ။	အနောက်တိုင်းဆေးဝါးရော မှတ်ပုံတင်မရှိ
၈။	Tiger Head and Pain Killer (Powder) အပူကျအကိုက်အခဲ ပျောက်ဆေး	လိပ်စာမပါ။	အနောက်တိုင်းဆေးဝါးရော မှတ်ပုံတင်မရှိ
၉။	Pain Killer	လိပ်စာမပါ။	အနောက်တိုင်းဆေးဝါးရော မှတ်ပုံတင်မရှိ
၁၀။	၂မိနစ် အကိုက်အခဲပျောက်ဆေးမှုန့်	လိပ်စာမပါ။	အနောက်တိုင်းဆေးဝါးရော မှတ်ပုံတင်မရှိ
၁၁။	မေတ္တာမွန် အကြောတက် လေးဖက်နာသောက်ဆေး	လိပ်စာမပါ။	အနောက်တိုင်းဆေးဝါးရော မှတ်ပုံတင်မရှိ
၁၂။	ကျေးဇူးရှင် ပန်းနာရင်ကျပ် ပျောက်ဆေး	ကျေးဇူးရှင်ဆေးတိုက် ဖုန်း-၀၁-၂၂၁၆၀၂	အနောက်တိုင်းဆေးဝါးရော မှတ်ပုံတင်မရှိ

၃။ အများပြည်သူများသည် ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ အနောက်တိုင်းဆေးရောနှောထားသော တိုင်းရင်းဆေးဝါးများကို ဝယ်ယူခြင်းမပြုကြရန်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ စူးစမ်းဝယ်ယူ သုံးစွဲပါရန် နှိုးဆော်အပ်ပါသည်။

၄။ တိုင်းရင်းဆေးဝါးများ ထုတ်လုပ်ဖြန့်ဖြူးသည့် လုပ်ငန်းရှင်နှင့် ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော အထက်ပါစိမည်သီဆေးဝါးအား ထုတ်လုပ်တင်သွင်းဖြန့်ဖြူးရောင်းချခြင်း လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက တည်ဆဲဥပဒေအရ ပြင်းထန်စွာအရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ဟင်္သာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်မည့် ကျေးလက်လမ်း၊ တံတားလုပ်ငန်းဖြစ်သော အမှတ်(၂) မြို့ဝင်လမ်း အရှည်ပေ ၅၂၈၀၊ အကျယ် ၁၀ ပေ ကျောက်ချောခင်းခြင်း လုပ်ငန်းဆောင်ရွက်ရန် ကျောက်စုဆောင်းမှု အခြေအနေကို အင်ဂျင်နီယာမှူး ဦးသိန်းဇော် ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

အောင်ဘာလေသိန်းဆုဖွင့်

ရန်ကုန် စက်တင်ဘာ ၁

အကြိမ်(၂၆၀)မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသော ဆုကြီးများစာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်-

အထူးဆုကြီးတစ်ဆု ကျပ်သိန်း(၁၀၀၀)

ဃ-၄၄၃၀၉၈

ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၅၀၀)

ဗ-၂၆၀၁၃၆

ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၃၀၀)ဆုများ

ဃ-၇၀၇၆၆၄ ဖ-၁၃၇၃၄၂

ဆုကြီးတစ်ဆုချင်းကျပ်သိန်း(၂၀၀)ဆုများ

တ - ၅၄၀၃၈၁ ဌ-၂၅၃၈၁၁

ထ - ၃၄၈၇၁၆ က-၅၀၉၉၉၇

ဆ - ၅၉၅၂၈၃

ကျပ်သိန်း(၁၀၀)ယူနစ်(မင်္ဂလာစုံတွဲစနစ်) ဆုမဲများ

ဃ-၂၁၉၅၁၉	ဌ-၄၀၃၅၂၇	ဓ-၈၁၀၇၄၀	ဆ-၇၁၀၇၃၃
င-၇၁၂၀၄၆	ဃ-၄၈၃၈၀၈	ဖ-၄၅၁၃၈၉	က-၈၅၉၃၂၃
ဃ-၁၉၃၁၆၈	ဏ-၄၉၇၀၀၇	ဇ-၄၅၉၄၇၈	စ-၃၅၁၂၆၅
ဏ-၄၀၅၂၁၇			

ရွှေကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်

ရန်ကုန် စက်တင်ဘာ ၁

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲက ကြီးကြပ်၍ လမ်းမတော်မြို့နယ်နှင့် ဆိပ်ကမ်းမြို့နယ် ကော်မရှင်အဖွဲ့ခွဲများက ကြီးမှူးဖွင့်လှစ်သော မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းသင်တန်း ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၉ ရက်က လမ်းမတော်မြို့နယ် အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်း မြညီလာခန်းမ၌ ကျင်းပသည်။

ထို့နောက် လမ်းမတော်မြို့နယ် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးအေးကျော်က သင်တန်းဖွင့် အမှာစကားပြောကြားပြီး မဲရုံမှူး၊ ဒုတိယမဲရုံမှူး လုပ်ငန်းလမ်းညွှန်ပို့ချချက်များကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက ပို့ချသည်။ ထို့နောက် လမ်းမတော်မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးဝင်းအောင်က မဲရုံသရုပ်ပြမှုကို ရှင်းလင်းပြသသည်။ (မြို့နယ်ကော်မရှင်အဖွဲ့ခွဲ)

ဝန်ကြီး ဦးဌေးဦး မိတ္ထီလာလွင်ပြင်ရေရရှိရေး စီမံကိန်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးသည် ဩဂုတ် ၃၀ ရက် နံနက် ၈ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် မြေတိုင်းကန်ကျေးရွာအနီးရှိ ကျေးလက်ဆည်ကန်တစ်ခုဖြစ်သော ထိန်ကန်ပြန်လည်ပြုပြင်ရေး ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူလယ်သမားများနှင့်လည်းကောင်း၊ ဝမ်းတွင်းမြို့နယ် ဒိုင်ကောင်းကုန်းကျေးရွာနှင့် နဘဲကန်ကျေးရွာတို့မှ တောင်သူလယ်သမားများနှင့်လည်းကောင်း တွေ့ဆုံ၍ ဩဂုတ် ၂၅ရက်တွင် သည်းထန်စွာရွာသွန်းခဲ့သောမိုးကြောင့် စိုက်ပျိုးထုတ်လုပ်မှုအပေါ် အကျိုးသက်ရောက်မှု အခြေအနေများ၊ စိုက်ပျိုးရေ ရရှိရေးနှင့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကိစ္စရပ်များ ဆွေးနွေးမေးမြန်းပြီး ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် မိတ္ထီလာလွင်ပြင် ရေရရှိရေး လျှပ်စစ်ရေတင်စီမံကိန်းဆောင်ရွက်နေသော ဝမ်းတွင်းမြို့နယ်အတွင်းရှိ လျှပ်စစ်ရေတင်ပင်မတူးမြောင်းများကို ကြည့်ရှုစစ်ဆေးပြီး တူးမြောင်းဘေးဝဲယာ၌ မိုးစပါးစိုက်ပျိုးရန် ရေသွင်းထားမှု၊ ထွန်ယက်မြေပြုပြင်မှုနှင့် ကောက်စိုက်နေမှုတို့ကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ကင်းတားရေလွှဲဆည် ကင်းတားလက်ဝဲတူးမြောင်းမကြီးမှ ရေအရင်းအမြစ်ကို ရယူ၍ စိုက်ပျိုးရေပေးဝေရေး ဆောင်ရွက်နေသော ပင်မရေတင်စခန်းသို့ ရောက်ရှိပြီး လျှပ်စစ်ရေစုပ်စက်ကြီးများနှင့် ပင်မရေပေးတူးမြောင်းတို့ကို ကြည့်ရှုစစ်ဆေးရာ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကြည်ထွဋ်ဝင်းက ရှင်းလင်းပြသသည်။

ယင်းနောက် ပင်မရေတင်စခန်းရှိ အမှတ်(၂) ရေခေါ်မြောင်းအား စက်ယန္တရားများဖြင့် ပြုပြင်မွမ်းမံနေမှုနှင့် မိုးစပါးစိုက်ပျိုးနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီးတောင်သူလယ်သမားများနှင့် တွေ့ဆုံ၍ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် အလေးထား ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားသည်။

ထိုမှတစ်ဆင့် မိတ္ထီလာလွင်ပြင် ရေရရှိရေး လျှပ်စစ်ရေတင်စီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ စီမံကိန်းတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးမြင့်က ပင်မမြောင်းများ၊ ရေတင်စခန်းများ ပြုလုပ်ထားရှိမှုနှင့် ရေတင်အဆင့်အမှတ်(၂)မှ စီမံကိန်းလျာထား ဧက ၅၀၀၀အနက် ဧက ၁၅၀၀ကို ရေပေး၍ မိုးစပါးစိုက်ပျိုးနေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက ပြီးစီးသည့် အပိုင်းအလိုက် ရေသွင်းစိုက်ပျိုးနိုင်ရေးနှင့် စီမံကိန်းလုပ်ငန်းများ အမြန်ပြီးစီးရေး မှာကြားပြီး စီမံကိန်းဒေသအတွင်းရှိ တောင်သူလယ်သမားများအား တွေ့ဆုံ၍ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကိစ္စရပ်များကို မှာကြားသည်။

မိတ္ထီလာလွင်ပြင် ရေရရှိရေး လျှပ်စစ်ရေတင်စီမံကိန်းသည် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်၌ ဧက ၈၀၀၀၊ သာစည်မြို့နယ်၌ ဧက ၂၂၀၀၀ ကို ကင်းတားရေလွှဲဆည်မှ ရေကိုစုပ်တင်၍ ရေတင်အဆင့်(၈) ဆင့်ဖြင့် ရေပေးဝေမည့်စီမံကိန်းဖြစ်ပြီး အပိုင်းအလိုက် ပြီးစီးသော နေရာများ၌ စတင်ရေပေးဝေကာ မိုးစပါးနှင့်သီးနှံများ စိုက်ပျိုးလျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး ဝမ်းတွင်းမြို့နယ်ရှိ ဒေသခံ တောင်သူလယ်သမားများနှင့်ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးစဉ်။
(လယ်/ဆည်)

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်မှု မြို့တော်ဝန် ဦးအောင်သိန်းလင်း ကြည့်ရှုအားပေး

ရန်ကုန် စက်တင်ဘာ ၁

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် အမှတ်(၁၃) ရပ်ကွက်ရှိ ပဏ္ဍိတာရာမကျောင်းလမ်း၊ ပညာလမ်းနှင့် သီရိမြိုင်လမ်းတို့၌ ရပ်ကွက်ပြည်သူများစုပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ အသိပညာပေးဟောပြောနေမှုနှင့် သီရိမြိုင်(၂)လမ်း ကွန်ကရစ်လမ်းချောခင်းနေမှုတို့ကို ကြည့်ရှုအားပေးသည်။

အလားတူ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး လူထုလှုပ်ရှားမှုဖြင့် စုပေါင်းဆောင်ရွက်မှုကိုကျောက်တံတား၊ မင်္ဂလာတောင်ညွန့်၊ အင်းစိန်နှင့် သင်္ဃန်းကျွန်းမြို့နယ်တို့၌ နံနက်ပိုင်းတွင် တစ်ပြိုင်တည်းပြုလုပ်ကြသည်။

ယင်းနောက်မြို့တော်ဝန်သည်ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၃)ရပ်ကွက်ရှိ သာယာကုန်း(၂) လမ်း၊ အမှတ်(၁၁)ရပ်ကွက်ရှိ အဝေရာလမ်းနှင့် အမှတ်(၂၀)ရပ်ကွက်ရှိ ဝေပုလ္လလမ်းများ ကွန်ကရစ်လမ်းချောခင်းနေမှုနှင့် ပြီးစီးမှု၊ ရွှေပြည်သာမြို့နယ် ဇီးကုန်းကျေးရွာ ဖေယျာသုခလမ်း ကွန်ကရစ်လမ်းချော ခင်းနေမှုနှင့် ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်း လှိုင်သာယာမြို့နယ် အမှတ်(၃)ရပ်ကွက်ရှိ သာယာကုန်း(၂)လမ်းအား နည်းပညာပံ့ပိုးမှုဖြင့် အဆင့်မြှင့် ကွန်ကရစ်လမ်းခင်းကျင်းမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဟောပြောပွဲ အင်းစိန်၌ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှ အမှတ်(၅) ယာဉ်ထိန်းနယ်မြေမှူး ဒုတိယရဲမှူး မင်းဇော်နှင့်အဖွဲ့သည် ဩဂုတ် ၃၀ ရက်က အင်းစိန်မြို့နယ် အလက (၉)ရှိ ဆရာ၊ဆရာမ၊ကျောင်းသား၊ ကျောင်းသူ ၃၅၀ တို့အား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေး ဟောပြောပို့ချခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

ကျေးလက်စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး ကွင်းဆင်းဆောင်ရွက်

ဝိုင်းမော် စက်တင်ဘာ ၁

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြစ်ကြီးနားခရိုင် ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ခိုင်၊ ဝိုင်းမော်မြို့နယ် ဦးစီးမှူး ဒေါ်ခင်နှင်းရီနှင့် ဝန်ထမ်းများ လိုက်ပါ၍ ကျေးလက်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးအတွက် ဩဂုတ် ၁၇ ရက် နံနက်တွင် မုတ်လွဲကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျေးရွာဥက္ကဋ္ဌနှင့် စာကြည့်တိုက်ကော်မတီများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ခရိုင်ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ခိုင်က စာကြည့်တိုက်အဆောက်အအုံ သတ်မှတ်ချိန်အမီ ပြီးစီးရေး၊ စံ(၅)ရပ်နှင့်အညီ ဆောင်ရွက်ရေး လုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခင်နှင်းရီက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် စာဖတ်ခြင်း အကျိုးကျေးဇူးများကို ရှင်းလင်းဆွေးနွေးကြသည်။

(မြို့နယ်ပြန်/ဆက်)

သန်လျင် အထက(၂) မိဘ ဆရာ အသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ် ၂၈ ရက်က ရတနာခန်းမ၌ ကျင်းပရာ တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူး ရရှိသော မောင်အောင်ခိုင်မင်းအား အမှတ်(၃) အခြေခံပညာဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းအေး ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၅၂၇)

အသည်းရောင်အသားဝါ (ဘီ)ပိုးနှင့် (စီ)ပိုးကာကွယ်ရေး နှိုးဆော်ချက်

အသည်းရောင်အသားဝါ ရောဂါဖြစ်စေသော ရောဂါပိုးများတွင် အသည်းရောင်အသားဝါ (ဘီ)ပိုးနှင့် (စီ)ပိုးများလည်း ပါဝင်သည်။ (ဘီ)နှင့် (စီ)ဗိုင်းရပ်(စ်) ပိုးများသည် တစ်ဦးနှင့်တစ်ဦး သွေးနှင့် ကိုယ်တွင်းအရည်များမှတစ်ဆင့် ကူးစက်နိုင်သည်။ အသည်းရောင်အသားဝါဖြစ်ရာမှ အသည်းခြောက်ခြင်း၊ အသည်းကင်ဆာ ဖြစ်ခြင်းကြောင့် သေဆုံးသည်အထိ အန္တရာယ်ရှိသည်။

သို့ဖြစ်၍ အသည်းရောင်အသားဝါ(ဘီ)ပိုးနှင့် (စီ)ပိုး ကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်ရန်အတွက်-

(က) တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုစိုက်ပါ။ သွားပွတ်တံ စသည်တို့ကို သီးခြားအသုံးမပြုလျှင် ကူးစက်တတ်သည်ကို သတိပြုပါ။
(ခ) လိင်ဆက်ဆံရာမှ ကူးစက်တတ်သည်ကို သတိပြုပါ။
(ဂ) အပ်စိုက်၊ ဆေးထိုးဆေးသွင်းရာမှ ကူးစက်တတ်သဖြင့် သန့်ရှင်းသော တစ်ခါသုံးအပ်များကို သာ အသုံးပြုပါ။
(ဃ) သွေးမှတစ်ဆင့် ကူးစက်မှုကို ကာကွယ်ရန်အတွက် သန့်စင်သော သွေးရရှိရန် ဆောင်ရွက် ပါ။
(င) ရောဂါကာကွယ်ကုသရန်အတွက် နီးစပ်ရာ ကျန်းမာရေးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ပါ။

ကျန်းမာရေးဝန်ကြီးဌာန

ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂-၉-၂၀၁၀ (ကြာသပတေးနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ဇေဂ္ဂသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	"ကိုယ့်ကိုယ်ကိုယ်သာအားကိုးပါ" တရားတော်[အရှင်ဥတ္တရ (ကျိုက်ဒေးယျံဆရာတော်)]
၆း၄၅	ဖူးရောက်စေချင်သည် ဗန္ဓိသေလာ ဆံတော်ရှင်စေတီတော်ကြီးဆီ
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၁)**
၇း၃၀	**MRTV-4 သတင်း**
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၉၅)**
၈း၄၀	မေတ္တာပန်းကုံးသီကာလွှမ်း ဝိဇာတမွေးနေ့အလှူဆန်း
၈း၅၅	ပါရမီရှင်တို့ပေါင်းစုဆုံစည်းရာ မန်းစက်တော်ရာဝါဆိုသင်္ကန်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ
၉း၁၀	Activities In The City (တိုးတိုး Best Make up Artist Asia Award)
၉း၃၀	Science For All (လူသားတိုင်းအတွက်ဗီတာမင်လက်နက်)(သိပ္ပံစာရေးဆရာ ကိုကိုအောင်၊ ကျော်သူလင်း)
၉း၅၀	ရတနာရွှေမိုးရွာသွန်းဖြိုးစေသောဝ် ရွှေမိုးကောင်းစေတီတော်
၁၀း၀၅	မြန်မာနိုင်ငံစီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်း(MIEGA) စီးပွားရေးပညာရပ်ဆိုင်ရာ ဟောပြောပွဲ ၂/၂၀၁၀ (သုံးသပ်ချက်များ)
၁၀း၂၀	နိဗ္ဗာန်ကိုရည်သန် ဖူးကြမည်ဧကန် မြတ်စေတီကျိုက်သလ္လံ
၁၀း၄၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၁၁း၁၀	ဈေးဝယ်လမ်းညွှန် (စိန်နန်းတော် Jewellery Center)
၁၁း၂၅	ရွှေအိုး **(ရဝေအောင်၊ မင်းဟိန်း၊ မျိုးသန္တာထွန်း၊ ချောရတနာ၊ ချစ်စနိုးဦး) (ဒါရိုက်တာ-ဝင်းထွန်းထွန်း)**
၁း၀၀	"ကိုယ့်ကိုယ်ကိုယ်သာအားကိုးပါ" တရားတော်[အရှင်ဥတ္တရ (ကျိုက်ဒေးယျံဆရာတော်)]
၂း၀၀	MRTV-4 သတင်း
၂း၂၀	ဘဝများ(တင်မိုးလွင်)
၂း၅၅	မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့၏ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးရေးနှင့် စာဖတ်ရှုမြှင့်တင်ရေး ဟောပြောပွဲ
၃း၂၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၁)**
၄း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၉၅)**
၄း၃၅	မေတ္တာပန်းကုံးသီကာလွှမ်း ဝိဇာတမွေးနေ့အလှူဆန်း
၄း၅၀	ဂီတသမားတို့ရဲ့ရန်ခုန်သံများ (Zing)
၅း၀၀	ဓာတ်ပုံထဲမှအမှတ်တရများ (လင်းလက်ဟိန်း)
၅း၃၀	MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀	MRTV-4 သတင်း
၆း၂၀	အာကစားမြင်ကွင်းစုံ
၆း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၂)**
၇း၁၅	Style ရှိမှStarဖြစ်မယ်
၈း၀၀	MRTV-4 သတင်း
၈း၃၀	စကားနပန်း (စပ်စုတာကောင်းတယ်၊ မစပ်စုတာကောင်းတယ်)
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၉၆)**
၁၀း၁၀	မေတ္တာရှိရင်းစွဲမို့ မလွဲနိုင်ပါ (ထွန်းထွန်း၊ သင်ဇာဝင့်ကျော်) (ဒါရိုက်တာ-ဇော်ဆက်)
၁၁း၄၅	Activities In The City (တိုးတိုး Best Make up Artist Asia Award)
၁၂း၀၀	ပါရမီရှင်တို့ပေါင်းစုဆုံစည်းရာ မန်းစက်တော်ရာဝါဆိုသင်္ကန်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ
၁၂း၂၀	ဂီတသရုပ်ပြခန်း(အသိုင်းအဝိုင်း)
၁၂း၄၅	သင်ယူလေ့လာဂီတပညာ (Introduction)
၁း၁၀	မြန်မာနိုင်ငံစီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်း (MIEGA) စီးပွားရေးပညာရပ်ဆိုင်ရာ ဟောပြောပွဲ ၂/၂၀၁၀သုံးသပ်ချက်များ
၁း၂၅	ရတနာရွှေမိုးရွာသွန်းဖြိုးစေသောဝ် ရွှေမိုးကောင်းစေတီတော်
၁း၄၀	အနုပညာမိုးကောင်းကင်
၂း၀၅	ကန္ဒရဝတီ၏ယဉ်ကျေးမှု အမွေအနှစ်များစုဝေးရာဆီသို့
၂း၁၅	Music Talk (ဝိစိတြ)
၂း၃၀	စွမ်းရည်ထက်မြက်မြန်မာ့မျက်လှည့်
၂း၅၀	ကလေးများအတွက်ပါးစပ်ထဲမှ သွားကလေးများအကြောင်း သိကောင်းစရာ(ဒေါက်တာမိုလာ)
၃း၀၅	ဂမုန်းရေလှောင်တမံ
၃း၁၅	ခေတ်ပြိုင်ဂီတမှတ်တိုင်များ (ဇော်မင်းလေး)
၃း၅၅	နတ်လူသာမုခေါ်စေသောဝ် (ခေတ်သစ်၊ ဝိုင်းစုခိုင်သိန်း၊ သတိုးစော) (ဒါရိုက်တာ-သော်ကိုကိုကျော်)
၄း၁၅	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၅း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

❒ ကျောဖုံးမှ

အဆိုပါကြေညာချက်တွင် တက္ကသိုလ်ဝင်စာမေးပွဲဝင်ခွင့် လျှောက်လွှာပုံစံများကို မြန်မာနိုင်ငံ စာစစ်အဖွဲ့ရုံးတွင် ၂၀၁၀ ခုနှစ် စက်တင်ဘာ ၁၆ ရက်မှစတင်၍ သတ်မှတ်ထားသောနှုန်းထားဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း။

စာမေးပွဲဝင်ခွင့် လျှောက်လွှာတင်သွင်းရာ၌ ဘာသာတွဲအမှတ်စဉ်(၁) (၅) (၆) (၇) (၈)များဖြင့် ဖြေဆိုမည့်သူများအတွက် အစိမ်းရောင် ဝင်ခွင့်လျှောက်လွှာနှင့် ကတ်ပြားပုံစံဖြင့်လည်းကောင်း၊ ဘာသာတွဲ အမှတ်စဉ်(၂) (၃) (၄)များဖြင့် ဖြေဆိုမည့်သူများအတွက် ပန်းရောင် ဝင်ခွင့်လျှောက်လွှာနှင့် ကတ်ပြားပုံစံဖြင့်လည်းကောင်း တင်သွင်းရန် အရောင်နှစ်မျိုး ခွဲခြားသတ်မှတ်ထားကြောင်း။

ပြင်ပဖြေဆိုရန် လျှောက်လွှာတင်သွင်းသူများ၏ စာမေးပွဲဝင်ကြေးငွေကို သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံးများတွင် စာမေးပွဲဝင်ကြေးအတွက် ကျသင့်ငွေသွင်းတံဆိပ်ခေါင်းများ ဝယ်ယူပြီး ဝင်ခွင့်လျှောက်လွှာ၏ လက်ဝဲဘက်ထိပ်ပိုင်းတွင်ကပ်၍ မိမိတို့ အမှန်တကယ်နေထိုင်သည့် မြို့နယ်ပညာရေးမှူးရုံးတွင် ၂၀၁၀ ခုနှစ် စက်တင်ဘာ ၁၆ ရက်မှ အောက်တိုဘာ ၁၅ ရက်အတွင်း တင်သွင်းကြရမည်ဖြစ်ကြောင်း။

အခြေခံပညာအထက်တန်းကျောင်းများ၊ ကျောင်းခွဲများနှင့် တွဲဖက်ကျောင်းများမှ ဖြေဆိုရန် လျှောက်လွှာတင်သွင်းမည့် ကျောင်းသား၊ ကျောင်းသူများ၏ စာမေးပွဲဝင်ကြေးအတွက် ကျောင်းအုပ်ကြီးများသည် စာမေးပွဲဝင်ကြေး ကျသင့်ငွေသွင်းတံဆိပ်ခေါင်းများ ဝယ်ယူပြီး လျှောက်လွှာ တစ်စောင်ချင်းတွင် ကပ်၍ စုပေါင်းပြီး မြန်မာနိုင်ငံစာစစ်အဖွဲ့ရုံးသို့ ၂၀၁၀ ခုနှစ် စက်တင်ဘာ ၁၆ ရက်မှ အောက်တိုဘာ ၂၉ ရက်အတွင်း သတ်မှတ်ရက်အမီ တင်သွင်းကြရမည် ဖြစ်ကြောင်း။

သတ်မှတ်ထားသောရက်များအတွင်း အချိန်မီပေးပို့ခြင်း မရှိသူများသည် စာမေးပွဲဖြေဆိုခွင့်ရရှိကြမည် မဟုတ်ကြောင်းနှင့် စာဖြေသူတင်သွင်းသည့် စာမေးပွဲဝင်ခွင့်လျှောက်လွှာနှင့် ကတ်ပြားတွင် ဖော်ပြပါရှိသည့် ဘာသာတွဲမှအပ အခြားဘာသာတွဲသို့ ပြောင်းလဲဖြေဆိုခွင့်ပြုမည်မဟုတ်သဖြင့် မိမိဖြေဆိုမည့် ဘာသာတွဲအလိုက် ပုံစံများ မှန်ကန်မှု ရှိ-မရှိ သေချာစွာ စစ်ဆေးပြီး မှန်ကန်စွာ ဖြည့်စွက်ပေးပို့ကြရန်ဖြစ်ကြောင်း သတိပြုစေလိုကြောင်း။

လျှောက်လွှာပုံစံများနှင့် ငွေသွင်းတံဆိပ်ခေါင်းများကို ရန်ကုန်မြို့ လှိုင်မြို့နယ် လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာနိုင်ငံစာစစ်အဖွဲ့ (ဖွဲ့ကပင်ဆောင်)တွင် လာရောက် ဝယ်ယူနိုင်ကြောင်း ဖော်ပြထားသည်။

(သတင်းစဉ်)

နယ်စပ်/စည်ပင် သင်တန်းများဖွင့်ပွဲ ကျင်းပ ဒုတိယညွှန်ကြားရေးမှူးချုပ် အမှာစကားပြောကြား

နေပြည်တော် စက်တင်ဘာ ၁

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးသိန်းသည် ဩဂုတ် ၃၀ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့ရှိ ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပသော စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ် (၃၉)နှင့် (၄၀)၊ စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၆၈) နှင့် (၆၉)သင်တန်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

သင်တန်းများ ဖွင့်ပွဲအပြီးတွင် ဒုတိယ ညွှန်ကြားရေးမှူးချုပ်သည် ဗဟိုလေ့ကျင့်ရေးကျောင်း၏ အုပ်ချုပ်မှုကိစ္စရပ်များ လေ့ကျင့်စီမံဆောင်ရွက်ထားရှိမှု၊ အိပ်ဆောင်၊ စားရိပ်သာ၊ ရာသီသီးနှံ စိုက်ခင်းနှင့် နှစ်ရှည်စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။ ယခုဖွင့်လှစ်သော သင်တန်းများတွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနသုံးခုတို့မှ စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ်(၃၉)တွင် သင်တန်းသား ၂၇ ဦး၊ စီမံခန့်ခွဲရေးသင်တန်း အမှတ် စဉ်(၄၀)တွင် သင်တန်းသား ၂၅ဦး၊ စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ်(၆၈) တွင် သင်တန်းသား ၃၃ ဦး၊ စာရေး ဝန်ထမ်းသင်တန်း အမှတ်စဉ်(၆၉)တွင် သင်တန်းသား ၂၅ ဦး စုစုပေါင်း သင်တန်းသား ၁၁၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေးကောက်ပွဲဆိုင်ရာလုပ်ငန်းသင်တန်း ခရမ်းမြို့၌ ဖွင့်လှစ်

ရန်ကုန် စက်တင်ဘာ ၁

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်ကော်မရှင်အဖွဲ့ခွဲက မြို့နယ်အတွင်းရှိ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းသင်တန်း ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၃၀ ရက် နံနက် ၉ နာရီတွင် ခရမ်းမြို့ အားကစားခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်ခင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဥပဒေအရာရှိ ဦးအေးမောင်က ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေနှင့် လုပ်ငန်းတာဝန်အဆင့်ဆင့်တို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးအောင်ကြည်ထွန်းက မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏လုပ်ငန်းတာဝန်များကို အသေးစိတ်ဆွေးနွေးပို့ချကာ ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်များက မဲပေးပုံကို လက်တွေ့သရုပ်ပြသခဲ့သည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များနှင့် မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးသိန်း ရန်ကုန်မြို့ရှိ ဗဟိုလေ့ကျင့်ရေးကျောင်း၌ စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ် (၃၉)နှင့် (၄၀)၊ စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ်(၆၈)နှင့် (၆၉) သင်တန်းများ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

တန့်ယန်းမြို့နယ် နောင်ဖာကျေးရွာ၌ အထွက်ကောင်းမိုးစပါး စုပေါင်းကောက်စိုက်

တန့်ယန်း စက်တင်ဘာ ၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် နောင်ဖာကျေးရွာတွင် မြို့နယ်စိုက်ပျိုးရေးဌာနက ကြီးမှူး၍ မိုးစပါး အထူးအထွက်ကောင်းမျိုး စံပြ ၁၀ ဧက ကောက်စိုက်ပွဲတော်ကို ဩဂုတ် ၁၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ စိုက်ကွက်၌ ကျင်းပရာ ဒေသဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်စုများမှ တောင်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေး မန်နေဂျာ ဦးလှစိုးဝင်းက အထူးအထွက်ကောင်းမျိုး စိုက်ပျိုးရေးနှင့် ပတ်သက်သည့် စိုက်ပျိုးနည်းစနစ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနား တက်ရောက်လာကြသူများက ကောက်စိုက်ပွဲကျင်းပမှုများကို ကြည့်ရှုအားပေးကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(မြို့နယ်ပြန်/ဆက်)

Track Asia Cup စက်ဘီးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင်စက်ဘီးအသင်း ထိုင်းနိုင်ငံသို့ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၁

၂၀၁၀ ခုနှစ် စက်တင်ဘာ ၁ ရက်မှ ၉ ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဖွင့်လှစ်မည့် CCCJ , SHUZENJI Mobile Sub Center Training Camp-2010-Bangkok စက်ဘီးသင်တန်းတက်ရောက်ရန်နှင့်စက်တင်ဘာ ၁၁ ရက်မှ ၁၂ ရက်အထိ Track Asia Cup Thailand Round-2010 စက်ဘီးပြိုင်ပွဲတို့တွင် မြန်မာ့လက်ရွေးစင် စက်ဘီးအသင်း ပါဝင်ယှဉ်ပြိုင်ရန်အတွက် မြန်မာ့လက်ရွေးစင်စက်ဘီးအသင်းသည် ဩဂုတ် ၃၁ ရက်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံသို့ ထွက်ခွာသွားသည်။

မြန်မာ့လက်ရွေးစင် စက်ဘီးအသင်းအား အားကစားဝန်ကြီးဌာနမှတာဝန်ရှိသူများနှင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်မှ အမှုဆောင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ မြန်မာ့လက်ရွေးစင် စက်ဘီးအသင်းတွင် နည်းပြဆရာများအဖြစ် ဦးကျော်မင်းသန်း နှင့် ဦးသာထွန်းကျော်၊ အမျိုးသား လက်ရွေးစင်များအဖြစ် အောင်မျိုးနိုင်၊မျိုးလွင်နှင့်အေဘယ်လ်၊အမျိုးသမီး လက်ရွေးစင်များအဖြစ် အေးအေးသင်း၊ ကြည်ဖြူဖြိုးဝေနှင့် စန္ဒာကျော်တို့ ပါဝင်ကြကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

အများပြည်သူ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား စည်ပင်သာယာရေးအဖွဲ့များမှ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၅ ရက်က ကွမ်းခြံကုန်းမြို့နယ် ဈေးပိုင်းရပ်ကွက်အတွင်းရှိ ခြင်ခိုအောင်းနိုင်သောနေရာများနှင့် အဖွဲ့ပိုင် မြို့မဈေးအတွင်း ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများကို အမှုဆောင်အရာရှိ ဦးသန့်ဇင်ဦး ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဉတုရာသီတောကိုမှီ၍

ဆုချီးမြှင့်

ဩဂုတ် ၂၁ ရက်က မရမ်းကုန်း အလက(၄) ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် မြို့နယ်အဆင့် စာပေဘာသာရပ်ဆု အများဆုံးရကျောင်းဆုရရှိအောင် ကြီးကြပ်ပေးခဲ့သော ကျောင်းအုပ်ဆရာမကြီး ဒေါ်သိန်းနှင့် ဆရာမများအား ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးဝင်းတင် ဆုချီးမြှင့်စဉ်။ (ပညာရေး)

စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းဆိုင်ရာ သင်တန်းတက်ရောက်ရန် သင်တန်းသားသုံးဦး အစ္စရေးနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၁

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အစ္စရေးနိုင်ငံသံရုံးတို့ ပူးပေါင်းစီစဉ်မှုဖြင့် အစ္စရေးနိုင်ငံ Ramat Negev Desert Agro Research Centre ၌ ဖွင့်လှစ်မည့် စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းဆိုင်ရာ Scholarship (Diploma) On The Job Training ၁၁လသင်တန်း တက်ရောက်ရန် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ သင်တန်းသားသုံးဦးသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ အစ္စရေးနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာရာ အဖွဲ့ချုပ်မှ အမှုဆောင် ဒုတိယဥက္ကဋ္ဌ ဦးဟန်ထွန်း၊ အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်၊ ဗဟိုအလုပ်အမှုဆောင် ဦးလိုကင်ဆိုင်တို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

မာန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှုကို ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးကြည် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဦးစောထွန်း ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

အစ္စရေးနိုင်ငံ Ramat Negev Desert Agro Research Centre ၌ ဖွင့်လှစ်မည့် စိုက်ပျိုးရေးနှင့်ရေလုပ်ငန်းဆိုင်ရာ Scholarship (Diploma) On The Job Training ၁၁လသင်တန်း တက်ရောက်ရန် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ သင်တန်းသားသုံးဦး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ မထွက်ခွာမီ ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။ (ငါးလုပ်ငန်း)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ

သာယာလှပ စိမ်းမြမြ

စတုတ္ထအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ တတိယအဆင့် (ကွာတားဖိုင်နယ်)ပွဲစဉ်များ ဆက်လက်ကျင်းပ

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့် စတုတ္ထအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ် တတိယပွဲစဉ်ကို တက်ရောက်ကြည့်ရှု အားပေးစဉ်။ (အား/ကာ)

နေပြည်တော် စက်တင်ဘာ ၁

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် စတုတ္ထအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ တတိယအဆင့် (ကွာတားဖိုင်နယ်) ပွဲစဉ်များကို ယနေ့ညနေ ၃ နာရီခွဲတွင် ပျဉ်းမနားမြို့နယ် ပေါင်းလောင်းအားကစားပြိုင်ကွင်းတွင် ဆက်လက်ကျင်းပရာ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ဘောလုံးအားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

အားကစားဝန်ကြီးဌာန လေးဂိုး

(အာကာကျော်ထင်-နှစ်ဂိုး၊ ယမင်းသိုက်နှင့် မင်းချစ်သူ)

အမှတ် (၁) စက်မှုဝန်ကြီးဌာန တစ်ဂိုး

(ဇေယျာဖြိုး)

(ဒိုင်) ဦးသောင်းလှိုင် (မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်)

စက်တင်ဘာ ၂ ရက်တွင် ပေါင်းလောင်းအားကစားပြိုင်ကွင်း၌ တတိယအဆင့် (ကွာတားဖိုင်နယ်) ရှုံး/ထွက် ပြိုင်ပွဲ နောက်ဆုံးပွဲစဉ်အဖြစ် ပို့ဆောင်ရေးဝန်ကြီးဌာန အသင်းနှင့် အလုပ်သမားဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။(၁၀၇)

ပိုက်ကျော်ခြင်း ဒိုင်လူကြီးသင်တန်းဖွင့်လှစ်

ရန်ကုန် စက်တင်ဘာ ၁

မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် ပိုက်ကျော်ခြင်း ဒိုင်လူကြီးသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လူငယ်အားကစား လေ့ကျင့်ရေးစခန်း သုဝဏ္ဏ ပိုက်ကျော်ခြင်း အားကစားပြိုင်ပွဲရုံ၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးညဏ်ထွန်းနှင့် တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်

ရှေးဦးစွာ ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အဖွင့်အမှာစကား ပြောကြားပြီး**(အပေါ်ပုံ)** သင်တန်းကို ဖွင့်လှစ်ပေးသည်။

ယင်းသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၆၇ ဦး တက်ရောက်ကြပြီး ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၄ ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်မြို့နေ စာရေးဆရာ ဒွါရာဝတီ ဦးမောင်ကြီး (ခင်မောင်ထွေး-တောင်ကုတ်) နှင့် ဇနီး ဒေါ်စုစုကြည်မိသားစုက ရခိုင်ပြည်နယ် တောင်ကုတ်မြို့ သုသာန်တွင် မီးသဂြိုဟ်စက် တပ်ဆင်ရေးအတွက် ငွေကျပ်သိန်း ၁၁၀ ကို ဩဂုတ် ၂၆ ရက်က လှူဒါန်းရာ ကော်မတီဥက္ကဋ္ဌ ဦးကျော်တောင် လက်ခံရယူစဉ်။ (ကြေးမုံ)

အိုင်အိုဒင်းဆားသုံးစွဲမှု စစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ စတုတ္ထပတ်လှုပ်ရှားမှုအဖြစ် အိုင်အိုဒင်းဆားရာနှုန်းပြည့် သုံးစွဲရေးနှင့် အိုင်အိုဒင်း ချို့တဲ့မှုရောဂါများ ပပျောက်စေရန် ရည်ရွယ်လျက် ဩဂုတ် ၂၆ ရက်က နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း ဆားရောင်းသည့် လက်လီ၊ လက်ကား ဈေးဆိုင်များတွင် အိုင်အိုဒင်းပါဝင်သည့် အရည်အသွေးများကို စစ်ဆေးသည်။

နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးဇော်ဝင်းလှိုင်နှင့်အဖွဲ့၊ ကျန်းမာရေးဌာနမှ ကျန်းမာရေးဆရာမ ဒေါ်သင်းသင်းလှိုင်နှင့် ကျန်းမာရေးဝန်ထမ်းများသည် ဆက်လက်၍ မြို့မ(၅)ရပ်ကွက် အတွင်းရှိ ဈေးဆိုင်များနှင့် အိမ်ထောင်စုများကိုလည်း အိုင်အိုဒင်းဆားသုံးစွဲရခြင်း၏ အကျိုးကျေးဇူးများကို ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ (၅၆၄)

ဂိုးပြတ် အနိုင်ရလဒ်များနှင့်အတူ ကွာတားသို့ တက်သွားသည့် ဉဿာနှင့်ဇေယျာရွှေမြေ

ရန်ကုန် စက်တင်ဘာ ၁

၂၀၁၀ MFF CUP ရှုံး/ထွက် ဘောလုံးပြိုင်ပွဲ ပထမအဆင့်ပွဲစဉ်များကို ယနေ့ညနေ ၃ နာရီခွဲက ကျင်းပရာ သုဝဏ္ဏကွင်းတွင် ဇေယျာရွှေမြေက မနောမြေကို လေးဂိုး-တစ်ဂိုး၊ အောင်ဆန်းကွင်းတွင် ဉဿာယူနိုက်တက်က နေပြည်တော်ကို သုံးဂိုး-တစ်ဂိုးတို့ဖြင့် အနိုင်ရရှိပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်သွားသည်။

အောင်ဆန်းကွင်း

ဉဿာယူနိုက်တက်-သုံးဂိုး

(လစ်ပီလစ်ပီ-နှစ်ဂိုး၊ မိုင်းအိုက်နိုင်)

နေပြည်တော် - တစ်ဂိုး

(မောင်မောင်မြင့်)

MNL အမှတ်ပေးပြိုင်ပွဲတွင် ရလဒ်များ ဆက်တိုက် ဆိုးရွားနေပြီး ရှုံးပွဲဆက်နေသည့် နေပြည်တော်အသင်းမှာ ယခုရှုံး/ထွက်ပြိုင်ပွဲတွင်လည်း ရှုံးပွဲထပ်မံကြုံတွေ့ကာ ပြိုင်ပွဲမှစောစီးစွာ ထွက်ခွာခဲ့ရသည်။ နောက်ခံလူ မာတင်မှလွဲ၍ အရှုနာ၊ ဂွန်နသန်၊ ပြည့်ဖြိုးဦး၊ မောင်မောင်မြင့်၊ နေလှိုင်(ဂိုး)တို့နှင့် လူစုံပါဝင်လာသည့် နေပြည်တော်အသင်းမှာ ဉဿာအသင်းကို အပြန်အလှန် ကစားနိုင်ခဲ့သော်လည်း အဆုံးသတ် အားနည်းခဲ့၍ ဂိုးပြတ်ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

အမှတ်ပေးပြိုင်ပွဲတွင် အကောင်းဆုံးပုံစံမရသေးသော်လည်း ဉဿာအသင်းမှာ ယခုပွဲတွင် ခြေစွမ်းပြကာ နိုင်ပွဲရသွားခဲ့သည်။ တိုက်စစ်တွင် ခြေစွမ်းပြကစားနေသည့် ကင်မရွန်း တိုက်စစ်မှူး လစ်ပီလစ်ပီက ၁၉ မိနစ်တွင် အဖွင့်ဂိုးစတင်သွင်းယူခဲ့ပြီး ၃၁ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် ဒုတိယဂိုး ထပ်မံသွင်းယူခဲ့သည်။ ဖွဲကပင်အသင်းကို အနိုင်ကစားခဲ့သည့် လူစာရင်းမှ တစ်ဝက်နီးပါးကို အပြောင်းအလဲ လုပ်ထားသော်လည်း ဉဿာအသင်းမှာ အချိတ်အဆက် မိမိဖြင့်ကစားနိုင်ခဲ့ပြီး ၆၁ မိနစ်တွင် မိုင်းအိုက်နိုင်က တတိယဂိုး သွင်းယူသွားခဲ့သည်။ အဆုံးသတ် အားနည်းနေသည့် နေပြည်တော်အသင်းမှာ ၈၄ မိနစ်မှ ချေပဂိုးတစ်ဂိုး ပြန်ရခဲ့ပြီး မောင်မောင်မြင့်က ပယ်နယ်တီမှ သွင်းယူခဲ့သည်။

အနိုင်ရရှိခဲ့သော ဉဿာယူနိုက်တက်အသင်းမှာ ကွာတားဖိုင်နယ်တွင် VIVA အသင်းနှင့် Delta United အသင်းတို့ ပွဲမှ အနိုင်ရသောအသင်းနှင့် တွေ့ဆုံမည်ဖြစ်သည်။

သုဝဏ္ဏကွင်း

ဇေယျာရွှေမြေ-လေးဂိုး

မနောမြေ-တစ်ဂိုး

မနောမြေအသင်းကို အခက်အခဲမရှိ ဂိုးပြတ် အနိုင်ကစားပြီး ဇေယျာရွှေမြေတို့ ကွာတားဖိုင်နယ်ကို တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ ရှစ်ရက်အတွင်း သုံးပွဲကစားနေသည့် မနောမြေအသင်းက ယခုပွဲကို အရန်ကစားသမားအများစုကို ထုတ်သုံးခဲ့သောကြောင့် ဇေယျာရွှေမြေကို အဘက်ဘက်မှ မယှဉ်နိုင်ဘဲ ဖြစ်သွားခဲ့ရသည်။ ဇေယျာရွှေမြေအသင်းမှာ လူစုံထုတ်ခဲ့ပြီး အနိုင်ဂိုးတွေကို ကိုးမိနစ်တွင် အီတလီတိုက်စစ်မှူး ဗစ်တာက ပထမဂိုး၊ ၁၁မိနစ်တွင် ရဲဝေယံစိုးက ဒုတိယဂိုး၊ ၆၇ မိနစ်တွင် ရာဇာဝင်းသိန်းက စတုတ္ထဂိုးနှင့် တတိယဂိုး ၅၀ မိနစ်တွင် မနောမြေ နောက်ခံလူ စိုင်းသန်းအောင် ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့ခြင်းဖြစ်သည်။ မနောမြေအတွက် ချေပဂိုးတစ်ဂိုးကို ၃၃ မိနစ်တွင် တင်အောင်မိုးက သွင်းယူခဲ့သည်။

ဇေယျာရွှေမြေအသင်းမှာ ကွာတားဖိုင်နယ်တွင် ဖွဲကပင်ယူနိုက်တက်နှင့် ဆက်သွယ်ရေးတို့ပွဲမှ အနိုင်ရသောအသင်းနှင့် ကစားရမည်ဖြစ်သည်။

MFF CUP ရှုံး/ထွက်ပြိုင်ပွဲကို စက်တင်ဘာ ၈ ရက် (ဗုဒ္ဓဟူးနေ့)တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ Southern Myanmar အသင်းနှင့် ရန်ကုန်ယူနိုက်တက်၊ အောင်ဆန်းကွင်း၌ ရက္ခပူရအသင်းနှင့် ကမ္ဘောဇ အသင်းတို့ ကစားကြမည်ဖြစ်သည်။

၄-၉-၂၀၁၀

MNL အမှတ်ပေးပြိုင်ပွဲ

တောင်ကြီး KBZ ကွင်း

ကမ္ဘောဇ - ရန်ကုန်ယူနိုက်တက်

ဗထူးကွင်း

ရတနာပုံ-နေပြည်တော်

သုဝဏ္ဏကွင်း

မနောမြေ-ဖွဲကပင်ယူနိုက်တက်

နေပြည်တော် အသင်းမှ အရှုနာ၏ ခေါင်းတိုက်ဂိုးသွင်းရန် ကြိုးပမ်းမှုကို ဉဿာဂိုးသမား ဒီဂျာနယ် ကာကွယ်စဉ်။

မြန်မာနိုင်ငံအောက်ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် စက်တင်ဘာ ၁

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** လယ်ဝေးမြို့နယ်တွင် ၃ ဒသမ ဝ၃လက်မ၊ နေပြည်တော် (လေဆိပ်)တွင် ၂ ဒသမ ဝ၅ လက်မ၊ ပျဉ်းမနားမြို့နယ်တွင် ၁ ဒသမ ၃၀ လက်မ၊ ရွှေကျင်မြို့တွင် ၂ဒသမ ၇၉ လက်မ၊ တောင်ငူမြို့တွင် ၂ ဒသမ ၁၃ လက်မ၊ ကော့ကရိတ်မြို့တွင် ၁ ဒသမ ၆၅ လက်မ၊ ကျိုက္ခမီမြို့တွင် ၁ ဒသမ ၅၇ လက်မ၊ မြိတ်မြို့တွင် ၁ ဒသမ ၅၄ လက်မ၊ ရေးမြို့တွင် ၁ ဒသမ ၃၇ လက်မနှင့် တောင်တွင်းကြီးမြို့တွင် ၁ ဒသမ ၁၈ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအနည်းငယ်ရှိနေသည်။

စက်တင်ဘာ ၂ ရက် ညနေထိခန့်မှန်းချက်။ ။စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်(၃၁ဒသမသုညဒီဂရီစင်တီဂရိတ်)၈၈ဒီဂရီဖာရင်ဟိုက်		၃၁-၈-၂၀၁၀
အနိမ့်ဆုံးအပူချိန်(၂၅ဒသမသုညဒီဂရီစင်တီဂရိတ်)၇၇ဒီဂရီဖာရင်ဟိုက်		၁-၉-၂၀၁၀
၉း၃၀ နာရီအချိန် စိုထိုင်းဆ	၉၂ရာခိုင်နှုန်း	၁-၉-၂၀၁၀
မိုးရေချိန်	သုည ဒသမ ၃၆ လက်မ	၁-၉-၂၀၁၀

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ (၅၁)လမ်း၊ အိမ်အမှတ် ၁၀၈/၁၁၀၊ (၂)ခန်းတွဲ(၈)ထပ်တိုက် အဆောက်အအုံ၏ တောင်ဘက်ခြမ်းရှိ စတုတ္ထအလွှာအခန်းနှင့် ယင်းအခန်းတွင် တပ်ဆင်သုံးစွဲခွင့်ရှိသော ကြိုးဖုန်းအမှတ် (၂၉၂၂၅၂)အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးသိန်းထိုက်ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို တိုက်ခန်းအရောင်းအဝယ်ကိစ္စအပေါ် ကန့်ကွက်လိုပါက သက်ဆိုင်သည့် စာချုပ်စာတမ်းမူရင်းတို့နှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဆုံးခန်းတိုင်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးမောင်မောင်ဝင်း (B.A,H.G.P, R.L)

တရားရုံးချုပ်ရှေ့နေ (စဉ်-၄၈၅၈)

တိုက်(၁)၊ အခန်း(၂၄)၊ မလိခအိမ်ရာ၊ ရတနာလမ်း၊ သဃ်န်းကျွန်းမြို့နယ်

ဖုန်း-၅၆၄၂၇၈၊ ၀၉-၈၆၂၇၈၅၆

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

မှတ်ပုံတင်ခွင့်ရရှိပြီးသော နိုင်ငံရေးပါတီများက ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ ယင်းတို့၏ ပါတီဝင်အင်အားစာရင်းများ လာရောက်တင်ပြ

နေပြည်တော် စက်တင်ဘာ ၁

နိုင်ငံရေးပါတီများသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၃(က)နှင့်အညီ ယင်းတို့စည်းရုံးရရှိပြီးသော ပါတီဝင် အင်အားစာရင်းများကို မှတ်ပုံတင်ခွင့်ရရှိသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၉၀ အတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြရန်ရှိရာ ယနေ့တွင် **ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ**က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပါတီဝင်အင်အားစာရင်း လာရောက်တင်ပြခဲ့သည်။

ယနေ့အထိ ကော်မရှင်က မှတ်ပုံတင်ခွင့်ပြုပြီးသည့် ပါတီ(၄၂)ပါတီရှိရာတွင် သတ်မှတ်ရက်အတွင်း ပါတီဝင်အင်အားစာရင်း တင်ပြပြီးသည့်ပါတီမှာ (၃၃)ပါတီရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁-၉-၂၀၁၀

လယ်ဝေး	၃ ဒသမ ၀၃ လက်မ
နေပြည်တော်(လေဆိပ်)	၂ ဒသမ ၀၅ လက်မ
ပျဉ်းမနား	၁ ဒသမ ၃၀ လက်မ
ရွှေကျင်	၂ဒသမ ၇၉ လက်မ

ရခိုင်ပြည်နယ် ကျိန္တလီရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံမှ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ် စတင်ထုတ်လွှင့်

နေပြည်တော် စက်တင်ဘာ ၁

ရုပ်မြင်သံကြားတိုးချဲ့ထုတ်လွှင့်ရေး အစီအစဉ်အရ ရခိုင်ပြည်နယ် ကျိန္တလီရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၂၉ရက် နံနက်ပိုင်းတွင် လုပ်ငန်းများ ပြီးစီးခဲ့သည်။

အဆိုပါစက်ရုံမှ လွှင့်အား ၅၀ ဝပ် လှိုင်းနှုန်း UHF Channel -J 13, 470-476 MHz ဖြင့် ဩဂုတ် ၂၉ရက် မွန်းလွဲပိုင်းမှ စတင်၍ မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်များကို အရုပ်/အသံ ကြည်လင်ပြတ်သားစွာဖြင့် ထုတ်လွှင့်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြစ်ရေကြီးမှု အခြေအနေ

နေပြည်တော် စက်တင်ဘာ ၁

ပဲခူးမြစ်ရေသည် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ပဲခူးမြို့တွင် ၉၁၂စင်တီမီတာ သို့ရောက်ရှိနေသည်။အဆိုပါမြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၉၁၀စင်တီမီတာအောက်သို့ ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

၂၀၁၁ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား၊ကျောင်းသူများအတွက် မြန်မာနိုင်ငံ စာစစ်အဖွဲ့က ကြေညာချက်ထုတ်ပြန်

နေပြည်တော် စက်တင်ဘာ ၁

ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံစာစစ်အဖွဲ့က ယနေ့ရက်စွဲဖြင့် ၂၀၁၁ခုနှစ်တွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စပ်လျဉ်း၍ ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများ သိရှိနိုင်ရန် ကြေညာချက်ထုတ်ပြန်သည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့